www.burmeseclassic.com

# နု

ငွေးမောင်

နု၏ဆံနုကလေးတွေကို လေနုက နှော့နှောသဖြင့် တန့်နွဲ့ယိမ်းပါး ဆော့ကစားနေပါသည်။

အချိန်မှာ နုလှပါသေးသည်။ ယခုမှပင် နေမင်းမှာ ပွင့်သစ်မည် ကြံရွယ်ဆဲဖြစ်ရာ ငြိမ်းချမ်းလှသော လောကဓာတ် အတွင်း၌ နှင်းဥနှင့်လေနုတို့ ရောယှက်ထွေးတင်ကာ တစိမ့်စိမ့်အေး၍ တအေးအေးနှင့် ချမ်းနေဆဲမှာပင် နုသည် အေးချမ်းမှုကို အလေးမပြုနိုင်ဘဲ အလုပ်ခွင်သို့ သွားရရှာတော့သည်။

နုအား နာမည်မှည့်ခေါ်ရမည့် အရွယ်သို့ရောက်လာသောအခါ မိဘနှစ်ပါးစလုံးကပင် ကျေကျေနပ်နပ်ကြီး "မနု"ဟု ပညတ်ခေါ်တွင်စေခဲ့၏။

သို့ပါသော်လည်း မနုကလေးဟာ အလွန်တရာမှပဲ ချစ်စရာကောင်းလှသည်။ ထို့ကြောင့်ပင် သူ့အား အိမ်နီးနားချင်းများက အနုဟု ခေါ်တွင်ရာမှ နောက်တွင် (နု)ဟုသာ ခေါ်ကြတော့သည်။ နုမိဘများကလည်း နုဟုပင် ခေါ်ငင် နှုတ်ကျိုးနေသဖြင့် နုဟူသည်၏ အခြားမဲ့ကို ခေါ်ဝေါ်သုံးစွဲခြင်း မပြုကြတော့။

နု…နု…နု… နာမည်နှင့်လည်း တကယ့်ကို လိုက်လျောအဆင်ပြေလွန်းပါသည်။ အသက်အရွယ်လည်း နုပါသေးသည်၊ အသားအရည်အဆင်းသဏ္ဌာန်လည်း နုပျိုလှသည်။ အပြောအဆို အမူအရာ အလုပ်အကိုင်တွင်လည်း နုနယ်သိမ်မွေ့လှသည်။ နုမှာ တကယ်ပင် နုသည်။ ဒါပေမဲ့ တစ်ခုတော့ အဆင်မပြေပါ။

ထိုတစ်ခုတည်းသော အဆင်မပြေမှုမှာ အေးအေးချမ်းချမ်း နုနုကလေး မနေရခြင်းပင် ဖြစ်တော့သည်။ နုမှာ ဖခင်မရှိပါ။ အသက် ၅၀ တွင်း မိခင်ကြီးနှင့် ဆယ့်ကိုးနှစ်သား မောင်ကလေးတစ်ယောက်နှင့်သာ အားလုံးပေါင်း နုပါ သုံးယောက်ဖြစ်လေသည်။ နု၏မောင်ကလေးမှာ အသက်အရွယ် အသိဉာဏ်အားဖြင့် ငယ်လွန်းလှသေးသည်။ အိမ်၌တောက်တိုမည်ရ ဆေးပေးမီးယူလောက်သာ အသုံးကျသည်။ ဖြစ်ဖြစ်မြောက်မြောက် အကူအညီမရသေးပါ။ တကယ်ဆိုတော့လည်း ကစားသည့်အရွယ်ကလေးသက်သက်ပဲ ဖြစ်ရှာပါသည်။

နုမိခင်ကို ကြည့်လိုက်ပြန်ပါသော်လည်း မီးယပ်သည်ရောဂါရှင်ဖြစ်ပါသည်။ တစ်လတွင် တကယ်ပင် ရက်ပေါင်း ၃၀ လောက် နေထိုင်မကောင်း ဖြစ်တတ်သည်။ အလွန်ချောင်းဆိုး၍ အစဉ်မောပန်းနေသူတစ်ဦးဖြစ်လေရာ ထို့ကြောင့်လည်း သူ့မှာ ဘာကိုမှ မလုပ်နိုင်။ အိမ်ထောင်အတွက် အထောက်အပံ့ လုံးဝမရဘဲ ရှိလေတော့သည်။

နုတို့ တစ်အိမ်ထောင်လုံး၏ နေရေထိုင်ရေး စားရေးသောက်ရေး ဝတ်ဆင်ရေး၊ ဟိုအရေးဒီအရေးအားလုံးအရေးတွေမှာ နု၏တာဝန်လုံးလုံးလျားလျား ဖြစ်သည်။ ငွေကြေးရှာဖွေရေးမှာလည်းနု၊ ချက်ရေးပြုတ်ရေးမှာလည်းနု၊ အိမ်ထောင်ထိန်းသိမ်းမှုမှာလည်း နု၊ လူမှုဆက်ဆံရေးကိစ္စတွေမှာလည်းနု၊ ဘာမဆို နုသာလုပ်ရပါသည်။ ဦးစီးရပါသည်။ အကယ်၍ နုသာ ဦးစီးမလုပ်ကိုင်ခဲ့သော် ဘယ်သူလုပ်ကိုင် ဦးစီးနိုင်ပါ့မလဲ? ထို့ကြောင့်ပင် အစစမှာဖြင့် နုတာဝန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



နုမှာ နုနုနယ်နယ် သူ့အရွယ်နှင့် မလိုက်လျောအောင်ပင် သိတတ်စွာဖြင့် လိမ္မာရေးခြားရှိသူကလေး တစ်ယောက် ဖြစ်ပါသည်။ သူ့ကျေးဇူးရှင်မိခင်ကြီးနှင့် သူ့ချစ်လှစွာသော မောင်ကလေး၏ တာဝန်သည် သူ့အပေါ်၌ အစဉ်တည်နေသည်ကို နုနားလည်ပါသည်။ ဤသည်ကြောင့်ပင်လျှင် နုသည် အိမ်ထောင်၏ လုံခြုံရေးအတွက် သူနှင့် မလိုက်လျောသော ပင်ပန်းသည့် ကူလီအလုပ်ကို လုပ်ရရှာတော့သည်။

သို့သော် လုပ်ခမှာ နည်းလွန်းသည်။ အထိတ်ထိတ်အလန့်လန့် ဘေးရန်တွေအသွယ်သွယ်ကြားမှာ တစ်နေ့လုံး မနားမနေ ချွေးမြေကျလုပ်ရသော်လည်း ထိုတစ်နေ့လုံးအတွက် ဝင်ငွေမှာ ၇၅ ဆင့်သာ ဖြစ်ပါသည်။ လုပ်ခနည်းသော်လည်း ကုန်ဈေးမကြီးလျှင် တော်ပါသေးသည်။ ယခုမူ ဆန်တစ်ပြည်ကို ငွေ ၁ဝ သို့မဟုတ် ဆင့် ၁ဝဝဝ ကျော် ပေးဝယ်ရသော အချိန်အခါကြီးဖြစ်ရာ နု၏လုပ်ခမှာ (ဝါ) နု၏ချွေးနှင့်ဖွဲနှင့် အသက်နှင့်ရင်းနှီးရသော အလုပ်တန်ဖိုးရငွေမှာ ဘယ့်နှယ်လုပ်၍ နုတို့အိမ်ထောင်အတွက် သုံးစွဲရန် လုံလောက်ပါမည်နည်း။ တစ်ခုတော့ တော်ပါသေးသည်။ (နိပ္ပွန်ရေနံတူးဖော်ရေးကုမ္ပဏီ)က ရေနံမြေအလုပ်သမားများကို တစ်နေ့လျှင် လူတစ်ယောက်အတွက် ဆန် ၃ ပေါင်ကျ လူဦးရေအလိုက် ပေးဝေခြင်းပင် ဖြစ်ပါသည်။ သို့ကြောင့်ပင်လျှင် မသေထမင်းမသေဟင်းကို စားရတော့သည်။ နို့မို့ရင် အခက်ပေါ့။ ဒါတောင် ခက်လှပါသေးသည်။ လုပ်ခငွေမှာ ဟင်းလျာဖိုးတောင် မရပါ။

သို့ပေမင့် သည်အလုပ်ကလွဲ၍ အခြားအလုပ်ကို နုမလုပ်တတ်၊ မကိုင်တတ်ပါ။ အစားအငတ်ငတ်၊ အဝတ်အပြတ်ပြတ်နှင့်ပင် တဲစုတ်ကလေးမှာ ချို့ချို့တဲ့တဲ့ နေရပါသည်။ တနင်္ဂနွေနေ့၏ အခြားမဲ့သောနေ့များတွင် နုသည် နေမထွက်ခင်မှ နေဝင်သည်လောက်အထိ အလုပ်ခွင်သို့ သွားရောက်လုပ်ကိုင်ရသည်။ နေ့စဉ်နေ့စဉ် အိမ်ပြင်အလုပ်၊ အိမ်တွင်းအလုပ်တွေ ရှုပ်ပွေနေသဖြင့် အိပ်သည့်အချိန်ကလွဲလျှင် နုခမျာမှာ မအားလပ်ရှာပါ။

နီပြေပြေရောင်ခြည်အလင်းသည် ရီဝေဝေမှောင်ထည်အတွင်းသို့ အတင်းပင် တိုးဝင်လာတော့သည်။ မြင့်မြင့်မားမားနှင့် တင့်တင့်ကြွားကာ ထင်ရှားစလုလု မြင်ရသော ရေနံတွင်းတွေမှာ တကယ်ပင် ရေနံမြေပီသသည့် အသွင်အပြင်ကို ပေါ်လွင်စေတော့သည်။

နုသည် သမင်ပျိုမကလေးကဲ့သို့ ကြွားကြွားကြွကြွ လှပတင့်တယ်သော ဟန်ပန်ဖြင့် လျှောက်နေသည်။ နုသည် သူ၏ဘဝကို မရွံမုန်း၊ မစက်ဆုပ်နိုင်ရှာပါ။ "ဖြစ်သမျှအကြောင်း၊ အကောင်း" ဟူ၍ သဘောထားကာပင် ကျေနပ်နေရပါသည်။

"ဟော့ နု လာပလားဟော့"

နုသည် ရုတ်တရက် လန့်ဖျပ်သွားရလေသည်။ သို့သော် ဤနှုတ်ဆက်သံမှာ နုအလုပ်သွားရန်လာတိုင်းလာတိုင်း ဆီး၍ဆီး၍ နှုတ်ဆက်နေကျ အသံပင်ဖြစ်၏။ ဤနေ့တစ်နေ့မှာသာ နုစိတ်သည် လောကဓာတ်ကဲ့သို့ ကြည်နူးနေသောကြောင့် လန့်ဖျပ်သွားခြင်း ဖြစ်သည်။

"အေးဟော့... ဖွားခင်ရေ၊ အေးသက်လည်း ရောက်နေပေါ့ကိုး"

ဖွားခင်နှင့် အေးသက်မှာ နုနှင့်အလုပ် လုပ်ဖော်လုပ်ဖက် သူငယ်ချင်းများ ဖြစ်ကြသည်။ သူတို့မှာ တစ်ဦးနှင့်တစ်ဦး အထူးချစ်ခင်ကြ၍ သွားအတူ၊ လုပ်အတူ၊ ပြန်အတူ ဘာမဆို စိတ်တူကိုယ်မျှဖြစ်သည်။ နုသည် သူ့အားရပ်စောင့်နေကြသည့် ဖွားခင်၊ အေးသက်တို့နှင့် ဖိုခနောက်ဆိုင် ရပ်လိုက်သည်။

"ချမ်းလိုက်တာ နုရယ် .... ညည်းစောင့်နေရတာ၊ အတော့်ကို ကြာသွားပြီ၊ လာမှလာပါဦးမလားလို့တောင် အောက်မေ့တယ်"

"မလာလို့ဖြစ်မလား ဖွားခင်ရယ်၊ တစ်နေ့မလုပ်ရင် တစ်နေ့စာ ဘယ်ကရမလဲ။ နောက်ကျတာတော့ ဟုတ်တယ်၊ ညက အမေအတော်လေး အဖျားတက်နေတာနဲ့ ကောင်းကောင်း မအိပ်ရဘူးအေ့။ ငါ့မှာ တခြားကိုယ်ခွဲလည်း မရှိတော့ ဘာမဆိုတစ်ယောက်တည်း ဒိုင်ခံလုပ်ရတာပဲ"

နု၏စကားအဆုံးတွင် သုံးယောက်သား တိုင်ပင်ထားသလို ရပ်နေကြရာမှ ညီညီညာညာ လှမ်းထွက်လိုက်လေသည်။

"ဩော် ဒါနဲ့ ကောင်မရေ နု ညည်း သတင်းတစ်ခု ကြားပလား"

အေးသက်သည် အတော်ကလေး စိတ်အားထက်သန်စွာဖြင့် နုအား မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကုံးအေ့၊ ဂျပန်တွေ အိန္ဒိယရောက်ပြီဆိုတာလား၊ ကြားသားပဲ"

နုသည် ခပ်ပေါ့ပေါ့ ခပ်အေးအေးပင် အရေးမလုပ်သလို ဖြေလေသည်။

"မဟုတ်ဘူး ကောင်မရဲ့။ ဂျပန်တွေ အိန္ဒိယရောက်တာမဟုတ်ဘူး။ တို့မြန်မာပြည်ကို ဂျပန်တွေ 'လွတ်လပ်ရေး' ပေးပြီတဲ့တော့။ ဒေါက်တာဘမော်ဆိုတာက ရှင်ဘုရင်၊ ဗိုလ်အောင်ဆန်းဆိုတာက စစ်ဗိုလ်ကြီးတဲ့။ တို့မြန်မာတွေ ကောင်းစားကြတော့မှာတဲ့တော့"

ထိုစကားကို အေးသက်သည် တော်တော်ကို နှစ်နှစ်ကာကာ ပြောသည်။ သူကိုယ်တိုင် မမျှော်မှန်း၊ မသိမြင်စွမ်းနိုင်သော ကောင်းစားမှုဆိုသည့် စကားသံအတွက် သူမှာ အလွန်အမင်းကို ဝမ်းသာနေသည်။ သူ့စိတ်ထင်တော့ လွတ်လပ်ပြီဆိုလျှင် ဘာမဆိုပူစရာမရှိ၊ ပင်စရာမရှိ၊ ပြည့်ပြည့်စုံစုံဖြစ်အောင် တစ်ယောက်ယောက် လုပ်ပေးလိမ့်မည်ဟု ထင်သည်။

"ဘယ့်နှယ်... အေးသက် တို့မြန်မာပြည်ကို ဂျပန်က လွတ်လပ်ရေးပေးတယ် ဟုတ်လား"

နုသည် လွတ်လပ်ရေး၏အဓိပ္ပာယ်ကို ကောင်းစွာပင် နားမလည်ချေ။ ထို့ကြောင့်ပင် မေးခြင်းဖြစ်သည်။

"အေးတဲ့တော့... တို့လွတ်လပ်ရေးရပတဲ့"

"လွတ်လပ်ရေးရတော့ တို့က ဘာလုပ်ရမှာတုံး၊ ဘယ်လိုနေရမှာတုံး"

"ဘာလုပ်ရမလဲ ကောင်မရဲ့။ တို့လွတ်လပ်ရေးရတော့ ကောင်းစားကြမှာပေါ့အေ၊ လွတ်လပ်ရေးရပြီးရင် တို့မြန်မာတွေ ချမ်းသာမှာတဲ့၊ တို့အိမ်နားက ဦးလေးထူးပြောတယ်"

"တို့ချမ်းသာတယ်ဆိုရင် တို့မှာ လုံချည်တွေ၊ အင်္ကျီတွေ လဲစရာအများကြီးရှိမှာပေါ့နော်".

ဖွားခင်သည် တစ်လျှောက်လုံး စိတ်ဝင်စားစွာ နားထောင်နေရာမှ ဝင်ပြောလိုက်ခြင်း ဖြစ်ပေသည်။ အကယ်၍ ထိုစကားကို ဖွားခင်မပြောတောင်မှ နုက အလားတူ အဓိပ္ပာယ်သက်ရောက်သော စကားကို ပြောမည်အမှန်ဖြစ်သည်။

စားသောက်ရေး၊ ဝတ်ဆင်ရေးမှာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသောသူများအဖို့ အမှတ်မထင် အသေးအဖွဲ့ကိစ္စတစ်ရပ် ဖြစ်နေသလောက် နုတို့၊ ဖွားခင်တို့၊ အေးသက်တို့လို ဆင်းရဲနွမ်းပါးလှရှာသည့် အပျိုအရွယ်ကလေးများအဖို့မှာမူ တကယ့်သေရေးရှင်ရေး အကြောင်းကိစ္စတစ်ရပ် ဖြစ်လေတော့သည်။ သူတို့မှာ အဝတ်အစား ပြည့်ပြည့်စုံစုံမရှိ။ အလွန်အလွန်ဆုံး ရှိလှမှ ချည်လုံချည်၊ ချည်အင်္ကျီနှစ်စုံထက် ပိုမည်မဟုတ်ပေ။ ထို့ကြောင့်ပင် သူတို့ခမျာမှာ လှချင်ပချင်၊ မော်ချင်၊ ကြွားချင်သည့် အပျိုရွယ်ကလေးတွေပီပီ အဝတ်အစားအကြောင်းကို စိတ်ဝင်စားသည်။ အဝတ်အစားကို ခုံမင်တပ်မက်သည်။

သူတို့ကိုယ်သူတို့ ဆင်းရဲလှသည်ဟု သူတို့အသိအမှတ် ပြုမိကြသည်။ ဟုတ်လည်း ဟုတ်ပါသည်။ တကယ်ဆိုတော့ ဆင်းရဲကြပါသည်။ သို့ပေမဲ့ သူတို့နှင့် အလုပ်တူ လုပ်ကြသော အချို့ကုလီမကလေးတွေမှာ တစ်ထည်စို၍မှ တစ်ထည်လဲစရာမရှိသော အခြေအထိ ရောက်နေကြသည်ကို သူတို့သိကြပါသည်။

"အေးပေါ့ဟ အများကြီးရှိမှာပေါ့။ ချမ်းသာတဲ့နောက် ဘာမဆို ပြည့်စုံတော့မှာပေါ့"

အေးသက်သည် လေထဲတွင်ဆောက်တည်နေသော တိုက်အိမ်ပေါ်မှ နှစ်သိမ့်ကြည်နူးစွာ အဖြေပေးလေသည်။

"ဒီလိုဆိုရင် ဟုတ်ပြီ။ ငါ့ရည်းစား ကိုမောင်ခနဲ့ ယူနိုင်မှာပဲ။ သူလည်းချမ်းသာ၊ ငါလည်း ချမ်းသာတော့ ဘာပူစရာ ပင်စရာရှိတော့လဲ။ ကျကျနန တိုက်ကြီးနဲ့ နေပြီးတော့ ပိုးတို့၊ ဘန်ကောက်တို့၊ ကတ္တီပါတို့ဆိုတာတွေ အမြဲတမ်း ဝတ်မှာပေါ့။ လမ်းထွက်လို့ရှိရင် အဝတ်ကို ဆင်တူဝတ် မယ်၊ ပြီးတော့ သိပ်လှတဲ့ မော်တော်ကားကြီးကို စီးမယ်။ ဒီလိုစိတ်ချမ်းသာကိုယ်ချမ်းသာ နေရတော့လည်း ဘယ်နည်းနဲ့မဆို ငါဟာ အခုထက် ပိုလှလာမှာ ဒိဋ္ဌပဲ"

"အို... ဟန်ကျတာပေါ့ အမေ့ရောဂါပျောက်သွားအောင် သိပ်ကောင်းတဲ့ ဆရာကြီးတွေကို ခေါ်ပြီးတော့ကုမယ်။ အမေ တောင့်တနေတဲ့ သဘော်သီးတို့၊ ကြက်သားဟင်းတို့လည်း ကောင်းကောင်းချက်ကျွေးလိုက်မယ်။ ဒီလိုဆိုရင် အမေလည်း ချက်ချင်းနေကောင်းလာမှာပဲ။ မောင်ခွေးကိုလည်း ကျောင်းထားရမယ်။ ကောလိပ်ဆိုတဲ့ ကျောင်းမျိုးလို သိပ်ပညာတတ်ပြီး မြို့အုပ်ကြီးတွေ၊ ဝန်ထောက်ကြီးတွေဖြစ်မယ့် ကျောင်းကို ထားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက ထွက်လာလို့ ငါ့မောင်အရာရှိကြီးဖြစ်လာရင် ငါဟာ ဘယ်လောက်ဂုဏ်ရှိလိုက်မလဲလို့"

နုနှင့် ဖွားခင်တို့မှာ ကြည်ကြည်နူးနူးနှင့် စိတ်ကူးယဉ်၍ ကောင်းနေကြလေသည်။ အခုလိုလို နက်ဖြန်လိုလို အတွေးထဲကဘဝကို ရောက်ရလိမ့်မည်ဟု ထင်နေသည်။

သူရိယသည် ရေနံတွင်းကြို၊ ရေနံတွင်းကြားမှ ကြိုးကြိုးစားစား ထိုးထွက်လာရသည့်ပမာ တဝင့်ဝင့် မြင့်တက်လာလေတော့သည်။ သို့သော် သူ၏ အဝန်းကုန် မကျွတ်လွတ်သေး။ တစ်ပိုင်းတစ်စ ကွလုလုမျှသာ ရှိသေးသည်။

အလုပ်ဝင်ရန် ဥသြသံသည် မှန်မှန်ပင် ခါတိုင်းလို ဟစ်ကြွေးလိုက်သည်။

"ဟော... ဥသြတောင်မှုတ်ပြီ။ လာကြဟေ့၊ မြန်မြန်တော်ကြာ နောက်ကျနေလို့ ကူလီခေါင်း ဆူနေဦးမယ်"

အေးသက်သည် လောဆော်ရင်း သူကိုယ်တိုင်လည်း ယခင်ကထက်ပိုလျက် ခပ်သွက်သွက်ကလေး လျှောက်လေသည်။ သို့သော် အလုပ်ခွင်ရောက်ရန်မှာ တစ်ခေါ်လောက်သာ လိုပါတော့သည်။ ထို့ကြောင့်ပင် တလှုပ်လှုပ် တရွရွနှင့် အလုပ်စနေသည့် ကူလီ၊ ကူလီမတွေကို သူတို့မြင်နေရသည်။

"မကြောက်ပါနဲ့အေ၊ နုတစ်ယောက်လုံး ပါသေးတာပဲ" ဖွားခင်သည် နုကို မေးထိုးပြရင်းပြောသည်။

"အို... ဖွားခင်ကလဲ ငါနဲ့ဘာဆိုင်တာလိုက်လို့ ငါကော ဘာမို့လဲ"

နုသည် ဤသို့ချေပလိုက်ရသည့်တိုင်အောင် စိတ်ထဲ၌ တစ်မျိုးဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် ကူလီခေါင်းသည် နုအား အစဉ်မျက်နှာသာပေးလျက် အလွန်သက်သာသောနေရာများ၌ အလုပ်ချပေးသည်။ ရံဖန်ရံခါ နောက်ကျသည်များကိုလည်း အရေးမထား၊ စကားပြောရာ၌လည်း အခြားအလုပ်သမားများအပေါ်၌ တင်းမာရိုင်းပျသလောက် နုအပေါ်မှာ ပျားသကာလောင်းသလို ချိုလှသည်။ ဤသည်တွေကို နုကောင်းစွာသိပါသည်။ ကူလီခေါင်းကိုယ်တိုင်ကလည်း နုအား ဘာလိုညာလို စကားချိုပြောဖူးလှပြီ။ ထို့ကြောင့်ပင် အကြောင်းသိ လုပ်ဖော်ကိုင်ဖက်တွေက နုအား ကွယ်ရာတွင် 'ဆရာကတော်၊ ဆရာကတော်' ဟု ပြောင်ချော်ချော် ခေါ်တတ်သည်။ သည်လိုခေါ်ကြသည်ကို နုက မကြိုက်၊ နု တားမြစ်ခဲ့ပါသည်။

သို့သော် တားမရသည့်အဆုံး၌ ခပ်မဆိတ်ပင် နေရတော့သည်။ နုစိတ်ထဲတွင် ကူလီခေါင်းအား ကြိုက်ရမည်မှာ ဝေးပါသေးသည်။ တကယ်ဆိုတော့ သူ့ကို ညှာတာမှုအတွက် ကျေးဇူးတင်သည်ဆိုရုံ ကျေးဇူးတင်ခြင်းသက်သက်သာ ဖြစ်ပါသည်။

"ဩော် နုတို့ လာကြပေါ့ကို"

ကူလီခေါင်းက ချိုချိုပြုံးသော မျက်နှာနှင့် ဆီးကြိုနှုတ်ဆက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ အစ်ကိုကြီး ဒီနေ့ နည်းနည်းနောက်ကျသွားတယ်။ ညက အမေ အနေဆိုးတာနဲ့"

နုသည် နောက်ပိုင်း ကူလီခေါင်းကြီးအား 'အစ်ကိုကြီး၊ အစ်ကိုကြီး' ဟု ခေါ်သည်။ နုစိတ်က လှိုက်လှိုက်လှဲလှဲ အစ်ကိုကြီးလို သဘောမထားမိသည်မှာ အမှန်ဖြစ်သော်လည်း တစ်နည်းတစ်လမ်းအားဖြင့် သူ့အား အကာအကွယ်ရရန်အတွက် နုသည် နှစ်နှစ်ခြိုက်ခြိုက်ကြီးမဟုတ်ဘဲလျက် ခေါ်နေရရှာသည်။

"ကိစ္စမရှိပါဘူးကွယ်၊ တစ်ခါတလေ ဒီလိုပဲနောက်ကျ ကြတာပဲ"

ကူလီခေါင်းသည် အဆင်မသင့်သဖြင့် တစ်ခါတရံ နောက်ကျသူတိုင်းကို သည်လိုစကားမျိုးချည်းပြောသည်ဆိုလျှင် အလွန်စေတနာကောင်းသူတစ်ဦးဟု အများက အသိအမှတ်ပြုမည်ဖြစ်သော်လည်း နုတစ်ယောက်တည်းကိုသာ သည်လိုစကားကောင်း ပြောသဖြင့် သူ့အား မျက်နှာလိုက်သည့်သူဟု အပြစ်ဆိုကြသည်။ အတင်းပြောကြသည်။

နုတို့သည် ပါလာသော ထမင်းချိုင့်ကလေးတွေကို ထားနေကျအနီးရှိ တမာပင်တစ်ပင်တွင် ချိတ်ဆွဲထားလိုက်ကြ၍ အလုပ်ခွင်သို့ ဝင်ကြလေသည်။ နုတို့ လုပ်ရသောလုပ်ငန်းမှာ ဂါလံတစ်သောင်း (၁၀၀၀၀)ဝင် ရေနံသံခံ (TANK)ကို ဘေးပတ်ပတ်လည်မှ ထရံ ၂ လွှာကာ၍ တစ်လွှာနှင့်တစ်လွှာ ၂ ပေကျော်ကျော်ကွာသော ၎င်းထရံ ၂ လွှာအကြား သဲများလောင်းထည့်ရခြင်း ဖြစ်လေသည်။ ထရံအမြင့်မှာ ရေနံသံခံနှင့် ညီတူဖြစ်သဖြင့် လေကြောင်းရန်အတွက် အတော်အတန် စိတ်ချရသည်။ အတော်အတန် ကွာလှမ်းသော နေရာမှာကျသော ဗုံး၊ အတော်အတန်ပစ်သော စက်သေနတ်ရန်ကို စိတ်ချလက်ချ ကာကွယ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။

နလုပ်ခဲ့သောရက်ပေါင်း ၂၀၀ ကျော်အချိန်ကာလအတွင်းမှာ နသည် ဤအလုပ်မျိုးချည်း နေ့စဉ်ရက်ဆက် လုပ်ခဲ့ရသည်။ နလုပ်ခဲ့သော အချိန်အတွင်းမှာပင် ဤလို သံခံကြီးပေါင်း ၇ လုံး ပြီးစီး၍ ယခု ၈ လုံးက လုပ်နေဆဲဖြစ်သည်။ သံခံကြီးနှင့် ပေ ၁၀၀ ကျော်လောက်မှာရှိသည့် မြေကမူကလေးကို ပေါက်ချွန်းကိုယ်စီနှင့် ယောကျ်ား ၆ ယောက်က တူးဆွကာ ဂေါ် ၂ လက်နှင့် အခြားလူ ၂ ယောက်က ကူလီမများ၏ သံဒယ်ထဲသို့ အလောတော် ထည့်၍ ပေးရသည်။ ထိုမိန်းမများကမှ ရွက်သယ်သွားလျက် ငြမ်းပေါ်တွင် ခါးတောင်းကျိုက် တကြားကြားနှင့် စောင့်စားနေသည့် ယောကျ်ားအလုပ်သမားများကို ပေး၍ ထိုသူများကမှတစ်ဆင့် ထရံ ၂ လွှာကြား လောင်းထည့်ရလေသည်။

ယခုသော် နေမင်းသည် မှိုင်းမှုန်မှုန်နှင်းထုကို အပြတ်အသတ် တိုက်ဖျက်ဖောက်ထွင်းကာ ထင်းထင်းကြီး မင်းမူလျက် ရေနံတွင်းများထိပ်ဖျားတွင် ကြွားကြွားခန့်ခန့်ကြီး စမ္ပါယ်နေတော့သည်။ တက်သစ်စနေမင်း၏ ရောင်ခြည်သည် အလုပ်သမားတွေကို လုပ်အားရှိအောင် အားသစ်ဖြည့်တင်းပေသည်။ နေမင်းသည် ကမ္ဘာသူ ကမ္ဘာသားများအတွက် အသက်ရှင်နေစေရန် 'အလင်းရောင်'ကို ဖြန့်ဖြူးနေသလို အလုပ်သမားတွေလည်း ထိုအသက်ရှင်နေသော ကမ္ဘာလူထုအတွက် မရှိမဖြစ်သော ထွက်ကုန်ကိုရရှိအောင်၊ အသုံးပြုနိုင်အောင်၊ တည်မြဲအောင် အားထုတ်ကြိုးစားနေသည်။ အစွမ်းကုန် လုပ်ဆောင်နေကြသည်။

သို့သော် အချို့ကမ္ဘာသူ၊ ကမ္ဘာသားတွေမှာ နေမင်းကျေးဇူးတော်ကိုမသိ၊ အလိုမကျသည့်အခါ ဆဲရေးတိုင်းထွာကြသလို၊ ကမ္ဘာ့ကျေးဇူးရှင် အလုပ်သမားတန်ဖိုးကို မသိဘဲ နေမင်းလို အမြင့်ကမဟုတ်သော အလုပ်သမားများအား ဆဲရေးတိုင်းထွာရုံပင်မကဘဲ ကာယကံမြောက် ဖိနှိပ်ချုပ်ချယ်သွေးစုတ်ဖွယ်သတ္တဝါတွေဟု ရိုင်းရိုင်းပျပျ စော်ကားကြပါသေးသည်။

'လတပေါင်း... ရွက်ဟောင်းငယ်တဲ့ ကြွေခဲ့ပြီ... ရိုးတံမှာ ရွှေရည်လူးတယ်ကွယ်... ဖူးတန်ကချိ'

ငြမ်းပေါ်မှ အလုပ်သမားတစ်ဦး၏ ရွှင်မြူးသံဖြစ်ပါသည်။ သူကား ကမ္ဘာ့အကြောင်းလည်းမသိ၊ ဗမာ့အကြောင်းလည်းမကြည့်၊ မစင်ထဲမှ လောက်နှင့်တူသော သူ့အဖြစ်ကိုလည်း သတိမထားမိ။

'အောင်မာ... ဘခင်က အသံကောင်းပါလားကွ၊ ဒါနဲ့များ ကူလီလုပ်နေရသေးတယ်ကွာ ဓာတ်ထဲလိုက်မင်းသမီးထဘီဖာ ထမ်းရောပေါ့'

ဘခင်အနီးမှ ကူလီလုပ်သားတစ်ဦးက ပြောလိုက်ရာ စကားကောင်းမှတ်၍ နားထောင်နေသူများမှာ 'ဝါး' ခနဲ ပွဲကျသွားလေသည်။ ဆက်ဆိုရန် ဟန်ပြင်ထားသော ဘခင်မှာလည်း ဆွံ့အသွားလေသည်။ အဘယ့်ကြောင့်ဆိုသော် သူအတော်ရှက်သွားသည်။ အခြားလူတွေကိုတော့ မရှက်ပါ။ နတစ်ယောက်တည်းကိုသာ ရှက်ခြင်းဖြစ်ပါသည်။ တခြားလူတွေအကုန်လုံးက ကဲ့ရဲ့သည့်တိုင် နတစ်ယောက်တည်းက ချီးကျူးမည်ဆိုလျှင် သူ အတော်ဝမ်းသာမည် ဖြစ်ပါသည်။ သို့ရာတွင် နလည်း သဘောကျ ကျေနပ်စွာ တခြားလူတွေနှင့် ရောနှောရယ်မောသောကြောင့် သူ့ခမျာမှာ ရှက်၍ဝမ်းနည်းခြင်း ဖြစ်ရလေတော့သည်။

'ဟော့... ဘခင် ဆက်ဆိုစမ်းပါဦးကွဲ့'

ဂေါ်ကိုင်လျက် သဲထည့်ပေးနေသော အလုပ်သမားတစ်ဦးက လှမ်း၍အားပေးခြင်းဖြစ်သည်။ သို့သော် ဘခင်မှာ ဆက်မဆိုသည့်အပြင် စကားတောင်မှ ပြန်ဖော်မရ။

"ဟော့ကောင်တွေ လုပ်ကြ လုပ်ကြ မာစတာလာနေပြီ။ စကားပေါမနေကြနဲ့"

ကူလီခေါင်းက လောဆော်သည်။ ကူလီခေါင်းလောဆော်မှုမှာ ပြေးနေသောမြင်းကို ရထားပေါ်မှ ကြိမ်တံဖျာနှင့် ခပ်ခြင်းဖြင့် ပမာတူသည်။ မပျင်းမရိ မခိုမကပ်အားတိုက်အင်တိုက် လုပ်နေသူများကို တကယ်ဆိုတော့ သက်ညှာဖို့သာ ရှိပါသည်။ အလုပ်သမားတွေ ဦးနှောက်ထဲ စွဲနေသော အကြောင်းအချက်ရှိပါသည်။ ထိုစွဲမြဲနေသည့် တစ်ချက်တည်းသော အကြောင်းမှာ တစ်ခါတုံးက ဂျပန်ဝါဒ ဖြန့်ချိရေးအရာရှိကြီး အလုပ်ထဲ လာရောက်တရားဟောသွားခြင်းဖြစ်ပါသည်။

အလုပ်ကို တတ်နိုင်သမျှ ကြိုးစားလုပ်ကြပါ၊ အခုဖြစ်ပွားနေတဲ့ အရှေ့အာရှတိုက် စစ်ပွဲကြီး အောင်မြင်နိုင်ဖို့အရေးမှာ ရေနံဟာ အရေးအကြီးဆုံး နေရာလောက်ကပါပါတယ်။ ရေနံမရှိလျှင် လက်နက်၊ ရိက္ခာ၊ စစ်သားတွေ

www.burmeseclassic.com

www.burmeseclassic.com



သယ်ယူပို့ဆောင်မှု မလုပ်နိုင်တဲ့အပြင် တကယ်အရေးအကြီးဆုံးဖြစ်တဲ့ လေကြောင်းတိုက်ပွဲကို ဆင်နွှဲနိုင်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် 'ရေနံတစ်စက်ဟာ သွေးတစ်စက်လောက်ပဲ အဖိုးတန်ပါတယ်။ နောက်ပြီးတော့ ခင်ဗျားတို့ ကြိုးစားလုပ်ကိုင်မှုတွေဟာ ကျုပ်တို့ နိပ္ပွန်များ အကျိုးခံစားဖို့ မဟုတ်ပါဘူး။ ခင်ဗျားတို့ အတွက်ပဲ ဖြစ်ပါတယ်။ အခု မြန်မာပြည်ကြီးကို ဒိုက်နိပ္ပွန်တွေက လွတ်လပ်ရေးပေးတော့ မလို့ပါ၊ လွတ်လပ်တဲ့ စစ်ပြီးဗမာနိုင်ငံဟာ ကမ္ဘာထိပ်တန်းနိုင်ငံဖြစ်တဲ့ ဒိုက်နိပ္ပွန်တွေနဲ့ အတူတူ ရင်ပေါင်တန်းလှမ်းနိုင်အောင် အလုပ်သမားတွေ ကြိုးစားကြပါ။ ကိုယ့်တာဝန်ကို ကျေပွန်မှ ကိုယ့်လူမျိုးဟာ အထက်တန်းရောက်မယ်ဆိုတာကို နားလည်ထားကြပါ။ နောက်ဆုံးပြောချင်တာကတော့ ခင်ဗျားတို့ အလုပ်ကို နိပ္ပွန်တွေ အစိုးရဖို့လို့ သဘောထားပြီး မလုပ်ကြပါနဲ့။ ငါတို့ ဆွေမျိုးတွေဖို့၊ ငါတို့တိုင်းရင်းသားတွေဖို့၊ ငါတို့ နိုင်ငံအတွက်လို့ သဘောထားပြီး လုပ်ကြပါ"

ထိုစကားတွေကို သူတို့တော်တော် သဘောကျသည်။

"ဂျပန်တွေဟာ အလွန်ကောင်းကြတာပဲ၊ ကြည့်စမ်းပါဦး၊ ငါတို့ မေ့လျော့နေတာ၊ နားမလည်တာတွေကို စေတနာကောင်းနဲ့ အဆင်းရဲ၊ အပင်ပန်းခံပြီးတော့ သတိပေးနှိုးဆော်ရှာတယ်။ ငါတို့တိုင်းပြည် ငါတို့ ရတော့မှာပဲ။ စစ်အတွင်းမို့လို့သာ ရေနံမြေနဲ့ တခြားလုပ်ငန်းတွေကို ဂျပန်တွေက စောင့်ရှောက်ထိန်းသိမ်းထားတာ။ နောက်ကျရင် မြန်မာတွေကို ပြန်ပေးမှာလို့လဲ ငါတို့မာစတာ ပြောဖူးသားပဲ။ အရေးကြီးတာကတော့ စစ်ပြီးဖို့ပဲ။ စစ်အပြီးသတ်အနိုင်တိုက်ဖို့ကလည်း ရေနံက အရေးအကြီးဆုံးပဲ။ ဟုတ်တယ်လေ၊ ရေနံမရှိရင် အင်္ဂလိပ်တွေကို ဘယ့်နယ်လုပ်ပြီး စက်သေနတ်ပစ်၊ ဗုံးကြဲလုပ်နိုင်မလဲ။ အောင်မယ် လက်စသတ်တော့ မြန်မာကောင်းစားရေးအတွက် ထိပ်ဆုံးကပါလား"

ဤသို့လည်း အတွေးရောက်ကာ သူတို့သွေးကြီးကြသေးသည်။ ထို့ကြောင့်ပင် အရင်နှင့်မတူ အလုပ်ကြိုးစားလုပ်ကြသည်။ အမှန်ဆိုတော့ သူတို့မှာ တကယ့်ရင့်မာတဲ့ မျိုးချစ်စိတ်ဓာတ် ကိန်းအောင်းမနေပေမဲ့၊ နိုင်ငံရေးသဘောတရားကို နားမလည်ကြပေမဲ့၊ တင်းပြည့်ကျပ်ပြည့်အကျင့်စာရိတ္တ မကောင်းကြပေမဲ့ မြန်မာလူမျိုးတွေဖြစ်ကြလို့ မြန်မာတွေအပေါ်မှာတော့ စေတနာကောင်းအရှိသား။

"မာစတာ မာစတာ" ကူလီတွေ လေးလေးစားစား ရိုရိုသေသေခေါ်ကြသည့် ရှိမုရဆန်းသည် လက်တစ်ဖက်က သားရေအိတ်ကြီးကို တရမ်းရမ်းဆွဲရင်း ရောက်လာသည်။ ကူလီခေါင်းအမှူးပြု၍ အလုပ်သမား အကုန်လုံးသည် အလုပ်လက်နက်များကို ချထားလျက် ဝိုင်းဝန်းအလေးပြုကြသည်။ အချို့က ကိုယ်အထက်ပိုင်းညွတ်၍လည်းကောင်း၊ အချို့က နဖူးပေးလက်တင်၍လည်းကောင်း၊ အချို့က ကိုယ်လည်းညွတ်၊ လက်လည်းတင်၍လည်း အမျိုးမျိုး အဖုံဖုံ အလေးပြုကြသည်။

ရှိမုရဆန်းသည် 'ယိုးရှိ'ဟု ကျေကျေနပ်နပ်ကြီး ကောင်းချီးသြဘာပေး၍ တစ်ဦးမှ မမှန်ကန်သော အလေးပြုမှုကို အားရပါးရခံယူသည်။ အဘယ်လျှင် အားမရဘဲ နေပါမည်နည်း။ သူ့မှာ အတိမ္ဘ 'နေနတ်သမီးအမိ' ၏ အကျိုးကို ဆောင်ရွက်နိုင်ခဲ့သည်မသိ။ 'အမိနေနတ်သမီး' ကိုယ်စား 'တင်နိုဟေကာ' က ချီးမြှင့်ထားသည်မှာ ကြယ်တစ်ပွင့်သာ ရှိပါသေးသည်။

သူတို့တပ်တွင် သူ့ထက် အဆင့်အတန်း နိမ့်သူမရှိ သူနှင့်တန်းတူသာ နည်းနည်းပါးပါးရှိသည်။ ထို့ကြောင့်ပင် သူ့မှာ ဘယ်သူ့အလေးပြုမျှ မခံရ။ ဘယ်သူ့ကိုမျှ မခိုင်းစေရဘဲ သူကသာ အလေးပြုရသည်။ သူကသာ အခိုင်းစေခံရသည်။ ထိုမျှ တန်ခိုးတေဇော်အာနုဘော်နှင့် ပြည့်စုံတော်မမူရှာသည့် ရှိမုရဆန်းသည် အဘယ်လျှင် မြန်မာ့အလုပ်သမား လူမွဲများ၏ အလေးပြုမှုကို မကျေနပ်ဘဲ၊ မနှစ်သက်ဘဲ၊ မကြည်နူးမသာယာဘဲ ရှိအံ့နည်း။ အလေးပြုမှုကို မလိုလားဘဲ ရှိအံ့နည်း။

အလုပ်သမားများသည် သက်ဆိုင်ရာ လုပ်ငန်းအရပ်ရပ်ကို ဆက်လက်လုပ်ကိုင်ကြသည်။ ကူလီခေါင်းကား လာသောအလုပ်သမားများစာရင်းကို သူ့မာစတာအား တင်ပြပေးအပ်လျက်ရှိသည်။ မာစတာကား သူ့စာအုပ်တွင်းမှ အလုပ်သမားများ၏ နာမည်ကို တစ်ခုစီတစ်ခုစီ မေး၍နေသည်။ ကူလီခေါင်းက လာသည်မလာသည်ကို တစ်ယောက်စီတစ်ယောက်စီ ပြောပြနေသည်။ ကူလီခေါင်းသည် အလုပ်သမား ၄ ယောက်မလာသည်ကို တစ်ယောက်မလာဟု စာရင်းပေးသည်။ ကျန် ၃ ယောက်၏

www.burmeseclassic.com

www.burmeseclassic.com



နေ့တွက်တို့ကို ငွေထုတ်သောအခါ ကူလီခေါင်းက ဖြတ်ယူလိမ့်မည်။

မာစတာမှာ တခြားတခြားသော အလုပ်ဆိုင်းတွေဆိုလျှင် အလုပ်သမား အကုန်တန်းစီ၍ နာမည်စစ်သော်လည်း ဤအလုပ်ဆိုင်းကိုမူ လစ်လျူရှုသည်။ ကူလီခေါင်း အစီရင်ခံသမျှကို ခြွင်းချက်မရှိယုံကြည်လက်ခံသည်။ လက်ခံသည့် အကြောင်းမှာလည်း အခြားကြောင့်မဟုတ်၊ ကူလီခေါင်းက သူ့အား ကြက်ဥတို့၊ အရက်တို့၊ ဆေးလိပ်တို့ အစဉ်မပြတ် ဆက်သသောကြောင့်ဖြစ်သည်။ ဤသည်ကြောင့်ပင်လျှင် မာစတာက ကူလီခေါင်းကို အထူးအခွင့်အရေးပေး၍ သူ့မှာ အထူးပါဝါရှိသည်။ အလုပ်ဖြုတ်ရန်၊ အလုပ်ခန့်ရန်၊ လခတိုးရန်၊ လခလျှော့ရန်မှာ သူ့သဘောကျ ဖန်တီးတိုင်းလောက် ဖြစ်မြောက်ပါသည်။

တစ်ဖန်တုံ ကူလီခေါင်းအားလည်း အလုပ်သမားများက အနည်းနည်းအဖုံဖုံ ပူဇော်ပသကြရသည်။ မာစတာသည် စာရင်းစာအုပ်များ၊ ခဲတံများ သိမ်းဆည်းပြီးသောအခါ သားရေအိတ်ကို လက်တစ်ဖက်မှဆွဲကိုင်လျက် ရေနံသံခံဆီသို့ လျှောက်လာသည်။ ကူလီခေါင်းလည်း နောက်ပါးမှ ခစားရင်းပါလာသည်။ မာစတာသည် ငြမ်းပေါ်သို့ ဆွဲတက်ကာ သံများမည်မျှထည့်ပြီး၍၊ မည်မျှလောက်ကြာအောင် လုပ်ရဦးမည်ကို ခန့်မှန်းရန် စေ့စေ့ငုငု ကြည့်လေသည်။ တစ်ဖက်မှ အလုပ်သမားတစ်ဦး လောင်းထည့်လိုက်သော မြေကြီးများကို လေပင့်လိုက်သဖြင့် မာစတာကိုယ်အထက်ပိုင်းကို သဲများ ဖုံးလွှမ်းသွားသည်။

"ဗားဂါးနား" မာစတာသည် သာယာနာပျော်ဖွယ်ကောင်းသောအသံဖြင့် ရေရွတ်ရင်း ငြမ်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ထိုစဉ်မှာပင် နုသည် မာစတာနှင့် လေးငါးခြောက်ပေလောက်အကွာ ငြမ်းအောက်သို့ရောက်လာကာ သူ၏သဲဒယ်အိုးကို ငြမ်းပေါ်မှ အလုပ်သမားသို့ လက်နှစ်ဖက်ဖြင့် မြှောက်ပေးလေသည်။ မာစတာမျက်လုံးအစုံသည် လက်နှစ်ဖက်ကို အထက်သို့ မြှောက်၍ထားသဖြင့် အပေါ်အင်္ကျီပင့်တက်နေသော နု၏ ကိုယ်အထက်ပိုင်းဆီသို့ စူးစူးစိုက်စိုက် ကြည့်နေသည်။ 'မစွမ်းရင်းကလည်းရှိ၊ ကဇွန်းခင်းကလည်းညို' ဆိုသလို နဂိုကမှ အင်္ကျီခပ်တိုတိုတွင် ယခုလို အထက်ကို လက်မြှောက်ရတော့ မောက်ကြွားစွာ ချီ၍နေသောရင်ကို လုံလုံခြုံခြုံ မဖြစ်နိုင်ပါ။ ချွေးခံအင်္ကျီတွင် ထင်ထင်ရှားရှား ကွဲကွဲပြားပြား ပကတိမူအတိုင်း သိသာစွာ မြင်နိုင်ပါသည်။

ဒယ်အိုးလွတ်ကို ညာလက်ဖြင့်ဆွဲရင်း သဲပုံဆီသို့ ခပ်မှန်မှန်လျှောက်သွားသော နုကို မာစတာသည် ကာမရမ္မက် ငမ်းငမ်းတက်သော မျက်လုံးအစုံဖြင့် ကြည့်နေသည်။ ကူလီခေါင်းသည် ကြောင်ချင်းမို့ အမှောင်တွင်းပေမဲ့ မြင်ပါသည်။ ထို့ကြောင့်ပင် စိတ်ထဲ၌ ထင့်ခနဲဖြစ်သွားသည်။ ကူလီခေါင်းစိတ်ထင့်ပုံမှာ မြန်မာအမျိုးသမီးတစ်ဦးကို လူမျိုးခြားတစ်ယောက်က အနိုင်ကျင့်မည်၊ စော်ကားမည် အတွက်ကြောင့် ထင့်ပုံမျိုးမဟုတ်၊ အငွေ့ထောင်းထောင်းနှင့် ဟင်းကောင်းဟင်းလျာ စားချင်ဖွယ်ရာဘောဇနာအတိပြီးသော ထမင်းပွဲကို သူမစားရခင် လူများဦးသွားမည်ကို စိုးရိမ်သလို ထင့်ပုံမျိုးဖြစ်သည်။ ရှင်းရှင်းဆိုလျှင် နုကို သူ အနိုင်မကျင့်ရခင်၊ မစော်ကားရခင်မှာ သူ့မာစတာ အနိုင်ကျင့်မည်၊ စော်ကားမည်ကို ကြောက်ခြင်းသာ ဖြစ်သည်။

"ခိုမိဆု..."

ကိုမြစ်ဟူသော ကူလီခေါင်းနာမည်ကို ရှိမုရဆန်းက မပီမသ ခေါ်ခြင်းဖြစ်သည်။

"ဟိုက်... မာစတာ"

ကူလီခေါင်းသည် အလိုတော်ရိလမ်းစဉ်ကို ကျကျနနကြီး လိုက်နာကျင့်ဆောင်တတ်သူပီပီ ပျာပျာသလဲ ထူးရင်း မာစတာအပါးသို့ ခစားရန် ချဉ်းကပ်လေသည်။ မာစတာသည် ကူလီခေါင်း၏လက်ကို ဆွဲကိုင်၍ ခပ်လှမ်းလှမ်းရှိ ၁၀ လက်မ ပိုက်လုံးကြီးပေါ်သို့ သွားရောက်ကာ အတူထိုင်လိုက်သည်။ ကူလီခေါင်း စိတ်ထဲမှာ မာစတာပြောမည့်စကားတွေကို တင်ကြိုသိပြီးသား ဖြစ်လေသည်။ မာစတာလည်း ဗမာစကားမတတ်၊ ကူလီခေါင်းလည်း ဂျပန်စကား မတတ်လှပေ။ သို့သော် သူတို့ဆက်ဆံလာသည်မှာ ကာလအတော်ကြာခဲ့ပြီ။ ထို့ကြောင့်ပင် သူတို့နှစ်ယောက်သာ နားလည်သောစကားဆန်းတစ်ခု ပေါက်ဖွားလာခဲ့သည်။ ထိုစကားဖြင့် သူတို့နှစ်ဦး ကောင်းကောင်းကြီး ဆက်ဆံနိုင်ကြသည်။

'နာမည် ဘယ်လိုခေါ်တယ်...က' မာစတာသည်နုကို မေးထိုးပြရင်း မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကူလီခေါင်းသည် မေးထိုးပြရာသို့ ကြည့်လိုက်၍–

"မနု ခေါ်တယ် မာစတာ" ဟု လေးလေးတွဲ့တွဲ့ ဖြေလေသည်။

"မနု... မနု...နာမည်ကောင်းတယ်...က"

"မကောင်းဘူး မာစတာ မနု နာမည်မကောင်းဘူး"

မာစတာက ဝါးလုံးကို ဝါးခြမ်းဟုပြောလျှင်ပင် "ဟိုက်"ဟု အလိုက်သင့် ပြောကြားခဲ့သော ကူလီခေါင်းသည် ဤအကြိမ် ပထမဆုံး တော်လှန်လိုက်ခြင်း ဖြစ်ပေသည်။ သို့သော် သူ့တော်လှန်မှု မထိရောက်ပုံမှာ မာစတာ စကားများက ထင်ရှားစေပါသည်။

"နာမည် ကိစ္စမရှိဘူး၊ လူအများကြီး ကောင်းတယ်၊ မာစတာကြိုက်တယ်၊ ခင်ဗျားပြောပါ'

ကူလီခေါင်းက တစ်စုံတရာမပြော ငေးနေသည်။

"ခင်ဗျားပြောမယ်...က"

မာစတာက စိတ်အားထက်သန်စွာဖြင့် ထပ်ပြောသည်။ မာစတာကို ကူလီခေါင်း ရှာပေးထားသည့် မိန်းမတစ်ယောက်ရှိသည်။ လွန်ခဲ့သည့် သုံးလကျော်ကပင် မာစတာ အိမ်ထောင်ကျခဲ့သည်မည်၏။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသည်မှာ ပိုးထိုးတိုင်တွေကြောင့် အခြေမခိုင် ယိမ်းယိုင်ယိုင်ဖြစ်နေသည့် မြန်မာပြည်အိမ်တော်ကြီးကို အားရပါးရ တွန်းချလှဲဖြိုပစ်လိုက်သည်နှင့်တူသည်။ အစားမဲ့မြန်မာလူထုကြီးကို ပို၍ငတ်စေသည်။ အဝတ်မဲ့မြန်မာလူထုကြီးကို ပို၍ကိုယ်တုံးလုံးဖြစ်စေသည်။ ကြွက်သိုက်၊ ဝက်သိုက်တမျှ တဲပုတ်တဲစုတ်ကလေးတွေနှင့် နေခဲ့ရသည့် မြန်မာလူထုကြီးကို မီးလောင်ပြင်ပြာပုံပေါ်သို့ တွန်းတင်လိုက်သည်။ ကံဆိုးမိုးမှောင်ကျသောမြန်မာလူထု၏ အဖြစ်မှာ ဒယ်ပြားထဲမှ ပူ၍ခုန်ချသော ငါးသည် ရဲရဲညီးသည့် မီးကျီးထဲ ကျသွားခြင်းနှင့် တူလှပါသည်။

စီးပွားပျက် ဝဲဩဃအလယ်တွင် အတွယ်အတာမဲ့ နံ့ချာချာနှင့် ကြုံရာသို့မျောပါနေကြသည့် မောင်ဗမာ၊ မယ်ဗမာတွေမှာ ပတ်ဝန်းကျင်ဒဏ် မခံနိုင်ရှာသဖြင့် အကျင့်သိက္ခာတွေ ပျက်ရသည်။ စားစရာ အာဟာရမရှိ၍၊ ဝတ်စရာအထည်မရှိ၍၊ နေစရာအိမ်မရှိ၍ အချင်းချင်းလိမ်ကြသည်၊ အချင်းချင်း ခိုးကြသည်၊ အချင်းချင်း တိုက်ကြသတ်ကြသည်။ အမျိုးသမီး နနုထွတ်ထွတ်ကလေးတွေလည်း 'ပြည့်တန်ဆာ'ဖြစ်ကုန်ကြသည်။ အချစ်စစ်၊ အချစ်မှန်တွေ တိမ်မြုပ်မလောက် ဖြစ်ရသည်။ ငွေ... ငွေ... ငွေပေးလျှင် ဘာမဆိုရမည်။ ကုန်ကုန်ပြောရလျှင် အပျိုချောချောကလေးတွေပါ ရနိုင်သည်။

ဂျပန်ခေတ်မှာ ရိုးရိုးသားသား စီးပွားမဖြစ်။ ကလိမ်ကျနိုင်မှ ကောင်းသည်၊ ငွေရသည်။ ထို့ကြောင့်ပင် စိတ်ကောင်းရှိသည့် လူကောင်းတွေမှာ ငွေမရှိ။ ငွေမရှိသောကြောင့်ပင် ဘာတစ်ခုမှ အဆင်မပြေ။ အချစ်ရေးမှာလည်း မကောင်း၊ အိမ်ထောင်ရေးမှာလည်း မပြေပြစ်။ အရစ်ရစ်အပတ်ပတ် အနိဋ္ဌာရုံတရားတွေသာ ထပ်နေတော့သည်။

လူလိမ်၊ လူဆိုး၊ ကြမ်းပိုးတွေ စန်းပွင့်သည်။ 'ဘယ်သူသေသေ ငတေမာပြီးရော' သူတို့ တစ်ကိုယ်ကောင်း၊ တစ်ကွက်ကောင်းသာ ကြည့်လုပ်သည်။ ထို့ကြောင့်ပင် သူတို့ လက်ဖျားမှာ ငွေသီးနေသည်။ ငွေသီးနေသောကြောင့်လည်း သူတို့ဆန္ဒအဝဝ ပြည့်စုံသည်။ ကြက်ဆိုကြက်၊ အရက်ဆိုအရက်၊ ကညာဆိုကညာ ဘာမှ လိုလေသေး မရှိ။ စည်းစိမ်ခံစားမှုအဖုံဖုံ ပြည့်စုံနိုင်သည်။ တကယ်ဆိုတော့ လူ့လောက ဖြစ်စဉ်ကို ငွေကသာလျှင် ဖန်တီးပါသည်။

"ဟိုက်... မာစတာ ကျွန်တော်ပြောမယ်"

မာစတာသည် ကျွန်ယုံတော်ကြီး၏ ကျောပြင်ကို အားရပါးရ သုံးသပ်ရင်း ကျေကျေနပ်နပ်ကြီး ပြုံးတော်မူသည်။

"ခင်ဗျား မြန်မြန်ပြောပါ မာစတာသွားမယ်"

ကူလီခေါင်းသည် ခြေလှမ်းသွက်သွက်နှင့် ထွက်သွားသည့် သူ့မာစတာကို တွေကြည့်နေသည်။ ပြောပေးရန် 'ဟိုက်' ဟုသာ ဝန်ခံလိုက်ရသည်။ ပြောရန်ကား စိတ်မကူး။ ပြောသည့်တိုင်အောင်လည်း နုကကြိုက်ဖို့ရန် ဝေးပါသေး။ မျက်စေ့ပေါက်ကျဉ်းကျဉ်း၊ ပါးစပ်ပြဲ၊ သွားခေါခေါတွင် ရွှေသွားငွေသွားတွေ ရောင်စုံကွန့်မြူးလျက် ခါးကိုင်းကိုင်း၊ ပုကွကွနှင့် ဘုအလွန်ကျသည့် ရှိမုရဆန်းကို နုကဖြင့် သေတောင်ယူချင်လိမ့်မည်မဟုတ်။ နုက ရှိမုရဆန်းကို မယူချင်သလို အခြားဗမာလုံမတွေလည်း အခြားဂျပန်တွေကို ယူချင်ကြမည်မဟုတ်။ သို့ပေမဲ့ ဂျပန်ကတော်တွေ မနည်းများပါသည်။ အမှန်အားဖြင့် စီးပွားပျက် ကပ်ဆိုက်မှုကြောင့် မြန်မာလုံမတွေ မှောင်ထုအတွင်း ဆင်းရပါသည်။ စားစရာ၊ ဝတ်စရာ၊ နေစရာမရှိသောကြောင့် ပြိတ္တာကော

www.burmeseclassic.com

www.burmeseclassic.com



တွေကို လင်လုပ်ရပါသည်။ အမျိုးဂုဏ် ဖျက်ရပါသည်။

နေလည်း တာဝန်နှင့်အညီ အနောက်ကျွန်းသို့ ယွန်းရန်ချီတက်နေသည်။ ကမ္ဘာကျေးဇူးရှင် အလုပ်သမားတွေလည်း မလုပ်သူတွေစံရန် သူတို့ဝတ္တရားအတိုင်း အလုပ်လုပ်လျက်နေသည်။ နေသည် အလွန်အမင်း ပူပြင်းနေသည်။ မြန်မာပြည်သည် အပူပိုင်းဇုန်မှုဖြစ်၍ ပူပြင်းလှသည်။ နောက်တစ်ခါ ချောက်မြို့မှာ မိုးခေါင်ရေရှားရပ်ဝန်းဒေသမှ ဖြစ်သောကြောင့် မြန်မာပြည်အခြားအရပ်ဒေသများထက် ပိုပူသည်။ ထို့ထက်တစ်မူမှာ သူတို့သည် ရေနံငွေ့၊ ရေနံခိုး၊ ရေနံမှိုင်းအတွင်းဝယ် အလုပ်လုပ်ရသဖြင့် လွန်လွန်ကြူးကြူး အထူးပင် ပူပြင်းလှပါပေသည်။ ခိုက်ခိုက်တုန် ချမ်းအေးလှသည့် မိုးရာသီ သို့မဟုတ် ဆောင်းအခါတွင်မှပင် ရေနံတစ်စက်တလေ စွန်းထင်းမိသော လက်၊ ခြေတစ်နေရာရာသည် ချွေးတစိမ့်စိမ့် ယိုထွက်သည်။ ဒါလောက်တောင် ပူပူပြင်းပြင်း ဆင်းဆင်းရဲရဲ လုပ်ကြရပေမဲ့ သူတို့တွေမှာဖြင့် သူတို့လုပ်အားနှင့် ထိုက်တန်သောအခကြေးငွေကိုမရ။

အရှည်အဝေး ကမ္ဘာနှင့် ချီပြောရန်ပင်မလို နုတို့လို ရေနံအလုပ်သမားတွေမရှိလျှင် ရေနံမရနိုင်၊ ရေနံမရလျှင် အလင်းရောင်းရမှု ခက်ခဲမည်။ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသွားလာမှုတွေ အကြီးအကျယ် အနှောင့်အယှက်ဖြစ်မည်။ ဤသို့ဆိုလျှင် ကူးသန်းရောင်းဝယ်ရေး ပျက်ပြား၍ ကုန်ဈေးတွေ ဖောက်ပြန်မည့်အပြင် မုချပင် အရှေ့အာရှတိုက် စစ်ပွဲကြီးရှုံးရလေတော့မည်။

* * *

ညနေ ၅ နာရီထိုးအချိန်...

တိမ်ရောင်တွေ ယှက်သန်း၍ ခပ်မှိုင်းမှိုင်း နေခြည်နှသည် ကမ္ဘာစစ်ကြီး ပြင်းထန်သလောက်ပင် မေ့ပျောက်လောက်စရာ သာယာကြည်နူးအောင် ဖန်တီးနေသည်။ ရေနံမြေ၏ ရှုခင်းမှာ ရေနံမြေကလွဲလျှင် မမြင်နိုင်။ တမျိုးပင် ကြည်နူးစရာကောင်းလှသည်။ အနိမ့်အမြင့် ကုန်းအဆင့်ဆင့်ဝယ် မီးခိုးတလူလူ ပျံ့လွင့်နေသော ကြွားကြွားရွားရွား စက်ရုံများနှင့် မားမားခန့်ခန့် ရေနံတွင်းတွေမှာ ရှုခင်းသာယာသလောက် ကြည့်ကောင်းသလောက်လည်း တန်ဖိုးရှိလှသည်။ အသုံးဝင်လှသည်။ အမှန်ပင် ဟန်ပြသကြံန်အမြောက်မဟုတ်၊ အသံရော၊ အဆံရော တင်းပြည့်ကျပ်ပြည့်ပါရှိသောအဝေးပစ်အမြောက်ကြီးစစ်စစ်ဖြစ်သည်။

သာယာသော ရေနံမြေပေါ်တွင် လေညှင်းအတွင်းမှ ခပ်ပြင်းပြင်း ကြိုင်နေသည့် ရေနံအနံ့ကို ရှူရှိုက်ရင်းပင် နုတို့လူစု ရွှင်ရွှင်ပြုံးပြုံးနှင့် အလုပ်မှ ပြန်လာကြသည်။ အသို့လျှင် မရွှင်ပြုံးဘဲ နေကြပါမည်နည်း။ နေမထွက်ခင်မှ နေဝင်စလုလုအထိ တစ်နေကုန်တစ်နေခန်း ပင်ပင်ပန်းပန်း လုပ်ရသည့်တာဝန်မှ အနားယူရသည်မှာ ဝမ်းသာစရာပင် မဟုတ်ပါလား။

"ဟေ့ နု ကြည့်ဟေ့၊ ဟိုကလာတဲ့မိန်းမ... ဘယ်လောက်စတိုင်ကျသလဲ"

အေးသက်သည် ရှေ့တူရှုမှလာသော မိန်းမတစ်ယောက်အား မသိမသာမေးထိုးပြရင်း နုကိုပြောသည်။ နုတို့ရှေ့ ပေတစ်ရာကျော်အကွာလောက်တွင် ပိန်းနေအောင် နံ့သာခြယ်ထားသောမျက်နှာ ဂျပန်ကြိုက်ဖန်ပေါင်းချောင် အင်္ကျီ၊ ပိုးထမီအနီ အသစ်ကျပ်ချွတ်ကြီးနှင့် မှာထိုးဖိနပ်ထူထူကြီးကို စီးလျက် တစ်ကိုယ်လုံး ရွှေတွေဆင်ယင်ကာ ဟန်ပန်ကြွားကြွား မျက်နှာထားတင်းတင်းနှင့် လျှောက်လာသော ထိုမိန်းမကို နုတို့ဂရုတစိုက် ကြည့်ကြသည်။ သို့ပေမင့် ထိုမိန်းမကမူ နုတို့အား လားလားမှဂရုမစိုက်၊ ကျော်လွန်၍သာသွားသည်။ နုတို့က သမင်လည်ပြန်ပင် လိုက်ကြည့်လိုက်ကြသေးသည်။

"တို့များဖြင့် ရွှေမပြောနဲ့ ချည်လုံချည်၊ အင်္ကျီတောင် ကောင်းကောင်းမွန်မွန်မရှိဘူး" ဖွားခင်သည် လေးလေးပင် ပင် ပြောလေသည်။

"သူဝတ်တဲ့ အင်္ကျီပါးဆိုရင် တစ်ဝတ်စာ ၂၀ဝိ.ကျော် ပေးရတယ်" အေးသက်က ပြောသည်။

"ဟယ်... ဒါလောက် အဖိုးကြီးပေးပြီး ဝတ်မှဝတ်ရက်ပလေတယ်အေ၊ တို့များသာဆိုရင် အလွန်ဆုံး ၅ဝိလောက် ပေးရတဲ့ ယောထည်ကို ဝယ်ဝတ်မှာပေါ့။ ဒါလောက်တောင် သူတို့ကျတော့လည်း ပိုက်ဆံပေါလွန်းလှတယ်" နုသည် ကလေးများကို ပုံပြောသော လေသံမျိုးဖြင့် ဖြည်းဖြည်းမှန်မှန်ပြောလေသည်။

"ဘယ်... ပိုက်ဆံမပေါဘဲ နေပါ့မလဲ၊ သူ့ဂျပန်က စတိုးမာစတာဆိုတော့ ပိုက်ဆံပေါတာပေါ့။ ဒါပေမဲ့အေ မိန်းမကြီးက မလှပါဘူး၊ နုသာ ဒီလိုဝတ်ဆင်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရရင် ဘယ်လောက်လှလိုက်မလဲပဲ"

"အမယ်လေး မ၀တ်ရချင်၊ မလှရချင် နေပါစေတော် ဂျပန်ဖြင့် မယူပါရစေနဲ့"

နုက သရဲခြောက်ခံရသလို ထိတ်လန့်တကြားပြော လိုက်သည်။ ဖွားခင်နှင့် အေးသက်တို့က နုပြောပုံ သဘော ကျ၍ ရယ်မောကြလေသည်။

"ညည်းကို ဂျပန်ကြိုက်ရမယ်ပြောတာ မဟုတ်ပါ ဘူးအေ။ ဒီလို၀တ်ဆင်ရရင် လှမယ်ဆိုတဲ့ဟာသာ ပြောတာ ပါ။ ခုခေတ်တော့ ဘယ်သူဘာပြောပြော ဂျပန်ကြိုက်ရတာ ပဲ ကောင်းတယ်။ မပူရမပင်ရ စားချင်ရာစား၊ ၀တ်ချင်ရာ ၀တ်၊ ထင်ရာလုပ်၊ စိတ်မထင်တဲ့ လူတွေ့ရင်... မာစတာ လက်တို့လိုက်။ ဘယ်လောက် ဟန်ကျသလဲ"

အေးသက်ပြောတိုင်းလည်း ဟုတ်ပေသည်။ ဂျပန် ခေတ်ဆိုသည့်အတိုင်း ဂျပန်တိုင်းမှာ မြန်မာအပေါ်၌ ရှင် ဘုရင်ဖြစ်သည်။ ဈေးဆိုင်များမှသော်လည်းကောင်း၊ လို ချင်သည့် ပစ္စည်းတွေ့လျှင် အဖေ့ပစ္စည်းလိုသဘောထား ကာ ပိုင်စိုးပိုင်နင်း ယူငင်သွားကြသည်။ အမျိုးသမီးက လေးတွေ၊ အမျိုးသမီးကြီးတွေကိုလည်း လစ်ရင်လစ်သ လောက် အနိုင်ကျင့်စော်ကားကြသည်။ အမျိုးသားတွေကို လည်း အကြောင်းမဲ့ ထိုးကြိတ်ရိုက်နှက်သတ်ဖြတ် ပြုချင် တိုင်း ပြုကြလေသည်။ ဤသည်အတွက် ကြီးကြီးမာစတာ တွေကို သွားတိုင်လျှင် ရယ်မောနေသည်။ အရေးမယူ၊ ဂရု မစိုက်။ တစ်ခါတရံ တိုင်လာသူတွေကိုပင် ပါးနှစ်ဖက် တအားနက်လွှတ်လိုက်တတ်သေးသည်။ ပတ်၀န်းကျင်အ ခြေအနေ(၀ါ)လောကခံတရားကြီး ဤမျှဆိုးရွားဖောက်ပြန် နေရာတွင် သဘာ၀ အားနည်းသူ မိန်းမများသည် အသို့ လျှင် ဂျပန်မာစတာများအား လင်မလုပ်ချင်ဘဲ နေအံ့နည်း။

"နုရေ... သွားပေတော့ဟေ့"

အေးသက်နှင့် ဖွားခင်တို့က သူတို့အိမ်ဘက်သို့ ခွဲရ မည့်လမ်းဆုံနေရာအရောက်တွင် နုအား နှုတ်ဆက်လိုက် ခြင်းဖြစ်သည်။ နံနက်တိုင်း နုကို စောင့်ကြိုသည်မှာလည်း ဤနေရာပင်ဖြစ်သည်။

"အေးဟေ့ ငါသွားပြီ" နုက ပြန်၍ခွန်းတုံ့လေသည်။

* * *

မီးလောင်ပြင်လုံးလုံး ဖြစ်လုနီးနီး **ချောက်–ရေနံမြို့ တော်** သည် ခြစ်ခြစ်တောက်ပူလောင်သော နေမင်းအောက် တွင် မလှုပ်မရှား ပြားပြား၀ပ်၀ပ် ငြိမ်သက်စွာ တည်လေ သည်။ အခါတိုင်းနေ့များဆိုလျှင် မြို့တွင်းမြို့ပြင် ပတ်၀န်း ကျင်တွင် ရေနံကုမ္ပဏီမှ မော်တော်ကားတွေ ဥဒဟိုမရပ်မ နား ပြေးလွှားနေကြသည်။ သို့ပေမင့် ဤနေ့မှာ တနင်္ဂနွေ နေ့ဖြစ်ပါသည်။ ထိုတနင်္ဂနွေနေ့မှာပင် ချောက်မြို့သူမြို့ သားတို့ အလုပ်နားနေ့၊ အအားယူနေ့ ဖြစ်သည်။ ဤသည် ကြောင့်ပင် မြို့မှာ ဆိတ်ငြိမ်နေသည်။ အလုပ်ရုံတွေက စက်သံဆူဆူညံညံလည်းမထွက်။ မီးခိုးတလူလူလည်း မလွင့်။

ကတ္တရာစေးလမ်းမကြီး အနောက်ဘက်ဘေး နှစ်ထပ်အိမ်ကြီးရှေ့တွင် ကြီးမားလှသော လူထုကြီးကို တွေ့နိုင်သည်။ သူတို့တွေ လက်တွင်း၀ယ် ပုံးကြီးပုံးငယ် အသွယ်သွယ်ကို ကိုယ်စီကိုယ်င ကိုင်ဆောင်လျက်ဖြစ် သည်။ အိမ်ကြီးမှာ နိပ္ပွန်ရေနံတူးဖော်ရေးကုမ္ပဏီ၏ ကိုယ်စားလှယ်အိမ် ဖြစ်သည်။

မြို့သူမြို့သားများသုံးစွဲရန်အတွက် ရေနံဆီကို ကုမ္ပ ဏီက ကိုယ်စားလှယ်အား လက်ကားပေးသည်။ ကိုယ် စားလှယ်ကမှတစ်ဆင့် မြို့သူမြို့သားတွေကို လက်လီ သတ်မှတ်ထားသော အချိုးကျအတိုင်း ရောင်းချလေ သည်။ တစ်မြို့လုံးတွင် ကိုယ်စားလှယ် လေးငါးခြောက်ဦး ရှိသည်။ သို့သော် မြို့သားတွေမှာ ပြည့်ပြည့်စုံစုံ လုံလုံ လောက်လောက် မသုံးစွဲရ။ ရေနံဆီထုတ်ရာရောက်လျှင် အစိုးရပေးထားသည့် RATION လက်မှတ်ကိုပြရသည်။ ကန့်သတ်ထားသော ဈေးနှုန်းနှင့် အတွက်ကျရေနံဆီကို ထိုသူအားပေးသည်။ လူတွေမှာ များလွန်းသည်။ ထို့ ကြောင့်ပင် တစ်ယောက်စီတန်းစီနေရသည်။ သို့မဟုတ် လျှင် အလုအယက် တိုးဝှေ့ဆူညံကြသည်။ ရန်ဖြစ်ကြ သည်။

ဤသို့ ရေနံဆီ ထုတ်ရသည့်ဒုက္ခမှာ နယ်နယ်ရရ မဟုတ်။ ခြစ်ခြစ်တောက်ပူပြင်းလှသော နေမင်းရောင်ရှိန်အ တွင်းမှာ ပူပူအိုက်အိုက်နှင့် အသက်မရှုသာအောင် ဟိုက တိုး၊ ဒီကတိုး၊ ကပျစ်ကညစ်နေရသည်။ လူစုလူဝေး လူထု ကြီးမို့ လေယာဉ်ပျံရန်ကိုလည်း အထူးစိုးရိမ်ရသည်။ သည် အထဲမှာ မိန်းမပျိုကလေးတွေမှာ ပိုမိုဒုက္ခရောက်သည်။ မိုက်မဲစုတ်ပွဲသော လူမသမာတွေက မတော်တရော်လုပ်

www.burmeseclassic.com



သည်။ အချင်းချင်း စော်ကားကြသည်။ တကယ်ဆိုတော့ တစ်ဦးနဲ့တစ်ဦး အထူးပဲ ရိုင်းပင်းရမည့်အခါ အထူးပဲ ကြင်နာရမည့် အခါကြီးသာ ဖြစ်ပါသည်။

ဤလူထုကြီးမှာ တနင်္ဂနွေနေ့မှအပ နေ့စဉ် ရေနံကုမ္ပဏီတွင် နေမထွက်ခင်မှ နေဝင်လုအထိ ဆင်းရဲပင်ပန်းလုပ်ရသော အလုပ်သမားတွေ ဖြစ်သည်။ တစ်ပတ်မှတစ်ခါကြုံရသည့် တနင်္ဂနွေနေ့မှာပင် စိတ်အေးလက်အေး ချမ်းချမ်းသာသာ မနေရ။ ရေနံအလုပ်ကို လုပ်နေသည့် ရေနံမြေမှ လူထုမှာ တစ်ဂါလံမျှသော ရေနံဆီကလေးရမှုအတွက် ဤမျှပင် ခက်ခဲဆင်းရဲလှပါဘိတောင်း။

လူထုကြီးတန်းစီနေသည့်အထဲမှာ နတစ်ယောက်လည်း ပါပါသည်။ တစ်ဂါလံဝင် သံပုံးဖြူကလေး ညာလက်ကဆွဲလို့။ အသို့လျှင် နတစ်ယောက် မပါဘဲနေပါအံ့နည်း။ နသည်လည်း လူထုကြီးလို ရေနံမြေပေါ်မှာပင် မွေးပါသည်။ လူထုကြီး ရေနံမြေပေါ်မှာ ကြီးပြင်းသလို နလည်း ရေနံမြေပေါ်မှာပင် ကြီးပြင်း၍ လူထုကြီးကဲ့သို့ပင် ရေနံအလုပ်ကို နလုပ်ရသည်။ တစ်ဖန်တုံ ရေနံမြေပေါ်က လူထုကြီး မွဲတေငတ်ပြတ်နေသလို နလည်း ရေနံမြေပေါ်မှာပင် မွဲတေငတ်ပြတ်နေသည် မဟုတ်ပါလော။

နနှင့်လူထု၊ လူထုနှင့်န ရေနံမြေပေါ်ဝယ် ဘဝချင်း၊ ဖြစ်ရပ်ချင်း တူသည်။ တစ်ဆံခြည်ကလေးမျှ မခြားနား။ ထိုလူထုကြီး ချမ်းသာသောနေ့ဝယ် နချမ်းသာမည်ဖြစ်လျက်၊ ထိုလူထုကြီး သည်ထက်မွဲတေငတ်ပြတ် အဆုံးစွန်ဘဝ သေသော်တည့်မှ နလည်းအလားတူပင် ဖြစ်ချေမည်။ ကျပ်ကျပ်တည်းတည်း မတ်တတ်ရပ်စောင့်ရသည်မှာ သုံးနာရီလောက်ပင် ရှိလေပြီ။ ထို့ကြောင့်ပင် န၏တစ်ကိုယ်လုံး သွေးတောင့် ကိုက်ခဲနေသည်။

ခုတော့ တော်ပါသေး၏။ နရောက်နေသည်မှာ မိန်းမတွေကြားမို့ အသက်ရှုကျပ်သည့် ဒုက္ခထက်တော့ မပိုပါ။ နရှေ့မှာ လူ ၆၀ လောက် ရှိလိမ့်ဦးမည်ဟု နခန့်မှန်းမိသည်။ လူ ၆၀ လောက်ဆိုရင်တော့ မကြာလှပါဘူး။ အလွန်ဆုံးတစ်နာရီပေါ့။

"ဝူ"ခနဲ ဥဩသံသည် ခွေးအူသံလို ပေါ်ထွက်လာပြီး အဆုံး၌ အချက်ပေးသံချောင်းခေါက်သံတွေ တဒေါင်ဒေါင်နှင့် အဆက်မပြတ် တစ်မြို့လုံး ဆူညံသွားသည်။

"လေယာဉ်ပျံဟော့၊ လေယာဉ်ပျံ၊ စက်သေနတ်လေယာဉ်ပျံ... အရမ်းမပြေးကြနဲ့"

ကမ်းနားတစ်လျှောက်မှ စက်သေနတ်ပစ်သံကို ပြင်းထန်စွာ ကြားရသည်။ ဂျပန်မြို့စောင့်တပ်ကလည်း စက်အမြောက်ကလေးများ၊ လေယာဉ်ပျံအမြောက်ကြီးများနှင့် တဒိန်းဒိန်း၊ တဒိုင်းဒိုင်း ပစ်ခတ်တိုက်ခတ်သည်။ လေယာဉ်ပျံကလည်း ပစ်တုံးပါပဲ။

"ပြေးနိုင်မှ လွတ်စေမဟော့" ဟူသည့် တာနေ့ာယကာဘီလူး ကြုံးဝါးသံကို ကြားရသလို နတို့လူထုကြီးမှာ ခြေဦးနှင့်ဒူးတည့်ရာ ပြေးကြလွှားကြသည်။ လူတွေမှာ အများကြီးဖြစ်၍ တိုက်မိခိုက်မိ လဲကြပြိုကြသည်။ တခြားလူတွေ အဝေးကြီးရှိ ချောင်းရိုးအထိ ပြေးကြသော်လည်း နမှာ မပြေးပါ။ အိမ်၏ ခပ်လှမ်းလှမ်းကလေးမှ ကုက္ကိုပင်အောက် ရပ်နေပါသည်။ နကား မပြေးနိုင်၍လည်းမဟုတ်ပါ။ သို့ပါလျက် ဘာကြောင့် သူများတွေလို မပြေးသနည်း။ မတိမ်းရှောင်သနည်း။ ကိုယ့်အသက်ကို ပေယျာလကံပြုသနည်း။

တခြားအကြောင်းတွေကြောင့်မဟုတ်ပါ၊ ရေနံဆီကို လိုချင်လွန်း၍ ဖြစ်ပါသည်။ လေကြောင်းရန် အေးချမ်းသည့် ဥဩမှုတ်လျှင် အနီးဆုံးနေရာ ရောက်နေလျက် ရှေ့အကျဆုံးနေရာကို တန်းစီရမည်။ ဤသို့ဆိုလျှင် ရေနံဆီမြန်မြန် ရနိုင်သည်။ ရေနံဆီကလေး တစ်ဂါလံ ရပါမည့်အကြောင်း အသက်သွေးခဲပင် စွန့်ရသလော။ သည်လိုဆိုတော့ (ရေနံတစ်စက် သွေးတစ်စက်)ဆိုတာ အမှန်ပေါ့။

ဟုတ်လည်းဟုတ်ပါသည်။ ရေနံဆီမှာ တကယ်ပင် လိုအပ်လှပါသည်။ မှောင်မှောင်စမ်းစမ်းတွင် အကန်းလိုနေရသည်။ ညမှုညတာ လိုအပ်၍မှ မီးမထွန်းရ။ အထူးသဖြင့် နမှာတော့ သူ့အမေ ရောဂါသည်ကြီးအတွက် ပို၍လိုချင်ခြင်း ဖြစ်သည်။ ညအချိန်မတော် ညဥ့်နက်သန်းခေါင် ရောဂါထ၊ အလင်းရောင်ကမရှိနှင့် အဖြစ်ဆိုးမှာ နကို ရေနံဆီ မရမနေအောင် ကြိုးစားရန် အားပေးနေခြင်း ဖြစ်တော့သည်။

လေကြောင်းရန် ဘေးကင်းဥဩမှုတ်ပြီ၊ အချက်ပေးသံချောင်းတွေကလည်း အေးဆေးပြီဖြစ်ကြောင်း ဟစ်ကြွေးနေသည်။

တော်ပါသေးရဲ့၊ လေယာဉ်ပျံ မြန်မြန်ပြန်သွားသည်မှာ အကယ်၍သာ မြို့ပေါ်တက်လာလို့ နတို့လူထုကြီးပေါ် မြင်လိုက်မယ်ဆိုရင် ပစ်လိုက်မယ့် စက်သေနတ်၊ သေဆိုက်

www.burmeseclassic.com

www.burmeseclassic.com



မယ့်လူတွေ။

သူ့ထက်ငါ အပြေးအလွှား နေရာလုတန်းစီကြသည်။ နှ ဝမ်းသာသည်။ သူ့ရှေ့မှာ ခုနကလို လူ ၆၀ လောက်မရှိတော့။ ၂၀ လောက် ရှိပေလိမ့်မယ်။ ရေနံဆီရလိမ့်မည်။ ထို့ကြောင့်ပင် နှ ကြည်နူးလှသည်တကား။ နှသည် အင်္ကျီအိတ်ထဲမှ လက်မှတ်နှင့် ပိုက်ဆံကို ထုတ်၍ ဘယ်ဘက်လက်၌ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ သူ ရကာနီးပြီ။ သူ့ရှေ့မှာ နှစ်ဦးသုံးဦးသာ ရှိတော့သည်။ နှရှေ့ကလူအတွက် တစ်ဂါလံဝင်ခွက်အတွင်းသို့ စည်ထဲမှ ထည့်ရာတွင် အပြည့်မရ နှစ်ပုလင်းနီးနီးလောက် လျော့နေသည်။

"ရေနံဆီ ကုန်ပြီ"

ရေနံဆီထုတ်သမားက သူ့အလုပ်ပြီးမြောက်၍ လွတ်လပ်သွားသဖြင့် ကျေနပ်စွာ ခပ်ကျယ်ကျယ် ကြွေးကြော်လိုက်သည်။

လူထုကြီးမှာ ဝမ်းထဲ၌ ဟာသွားသည်။ အထူးသဖြင့် နှမှာတော့ ထိုင်ပြီးတော့သာ ငိုလိုက်ချင်သည်။ ရလုရခင် မိမိအလှည့်ရောက်မှ ရေနံဆီကုန်သွားသည်။ ဒါလောက်တောင် ကံဆိုးလှသည်။ မျှော်လင့်ခြင်းကင်း၍ နှမှာ အားငယ်သွားသည်။ ငယ်လည်း ငယ်လောက်စရာပင်။ သူ့အဖြစ်မှာ တကယ်ကို ဆိုးလှပါသည်။

နှတို့ လူထုကြီးအတွင်းမှာ "ရေနံတူးဖော်ရန်အတွက် ကိရိယာ တန်ဆာပလာတွေ လုပ်ပေးရသည့် အလုပ်သမားတွေပါသည်။ ပေပေါင်း အရာအထောင် နက်ဝန်းလှသည့် မြေထုကြီးအတွင်းမှ ရေနံစိမ်းတွေကို တူးဖော်စုပ်ယူပေးသည့် အလုပ်သမားတွေလည်း ပါသည်။ ထိုရေနံစိမ်းကုန်ရိုင်းတွေကို ဓာတ်ဆီ၊ စက်ဆီ၊ ဖယောင်း၊ ကတ္တရာစေး စသည့် အမျိုးမျိုးအသုံးဝင်သော ကုန်ချောတွေဖြစ်အောင် လုပ်သည့် အလုပ်သမားတွေလည်း ပါသည့်အပြင် ထိုကုန်ချောတွေကို စနစ်ကျသုံးစွဲရအောင် မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရသည့် သယ်ယူပို့ဆောင်ရသည့် အလုပ်သမားတွေလည်းပါသေးသည်။ နိုင်ငံတော်အတွက် သို့မဟုတ် လူ့လောက တိုးတက်မှုအတွက် ဤရွှေ့ဤမျှ အသုံးဝင်တန်ဖိုးရှိသော ရေနံမြေမှ ရေနံအလုပ်သမားတွေမှာ ထိုရွှေ့ထိုမျှ အောက်ကျနောက်ကျဖြစ်ကာ တန်ဖိုးမရှိ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေသည်"

အကယ်၍သာ ဤသို့မဟုတ်လျှင် ရေနံအလုပ်သမားတွေ သူတို့အလုပ် လုပ်သလောက် စွမ်းအားထုတ်သလောက်သာ အကျိုးခံစားရမည်ဆိုလျှင်တော့ ရေနံမြေဟာ လောကနိဗ္ဗာန်ကြီးပေါ့။

မျှော်လင့်ချက် ကုန်ဆုံးပြီဖြစ်သဖြင့် နှတို့လူထုကြီး အသီးသီး အသက အသက ပြန်ကုန်ကြပြီ။ မပြန်၍လည်း မဖြစ်တော့ပါ။ ရေနံဆီ ကုန်ပြီ မဟုတ်လား။

* * *

ရေနံကိုယ်စားလှယ် အိမ်အတွင်းမှ အမိုးနှင့် ကုန်တင် မော်တော်ကားကြီးသည် သံစုံကြူးရင်း ထွက်လာသည်။

အကယ်၍သာ အမိုးမပါဘိမူ ရေနံဆီ(ပေပါ)စည်ကြီး ငါးလုံးကို တွေ့မြင်ကြရပေမည်။ ကိုယ်စားလှယ်သည် ကုမ္ပဏီက ရေနံဆီ ၁၀ ပေပါ(စည်)ထုတ်ပေးသည်ကို ၅ ပေပါအား လုံလုံခြုံခြုံ ဝှက်ထားသည်။ ကျန် ၅ ပေပါတွင် ရေနှစ်ပေပါရော၍ မြို့သူမြို့သား အလုပ်သမားတွေကို ထုတ်ပေးသည်။

တကယ်ဆိုတော့ ကိုယ်စားလှယ်တွေအတွက် အမြတ်အစွန်း ပေးထားပြီးသားပဲ။ ဒါနှင့်များတောင် လောဘကြီးလွန်းသည်။ မစားသင့်သည့်အစာကို စားရက်လေသည်။ ချွေးတွေသွေးတွေနှင့် ရင်းနှီးပြီး ပင်ပန်းကြီးစွာ လုပ်ရသည့် တိုင်းရင်းသားအလုပ်သမားတွေအပေါ် ခေါင်းပုံဖြတ်ရက်လေသည်။ ရေနံကိုယ်စားလှယ်က သူ ခိုးဝှက်ထားသည့် ရေနံဆီတွေကို မိုင်ပေါင်းများစွာ ကွာဝေးသည့် ရေနံရှားပါးသည့် ရေနံဈေးကောင်းသည့် နေရာများသို့ သွားရောင်းမည်။ သူခိုးဈေးကြီးဖွင့်မည်။ ဒါမှ အမြတ်အစွန်းငွေတွေ မရေမတွက်နိုင်အောင် အများကြီးရမည်။ ငွေတွေမရေမတွက်နိုင် အများကြီးရမှလည်း စည်းစိမ်ခံစားမှုအဝဝကို စံစားယစ်မူးတော်မူရမည်။ သို့ပေမင့် သူတို့မလုပ်သူတွေ အကျိုးခံစား စည်းစိမ်ယစ်မူးနေချိန်မှာပင် အလုပ်သမား ကျေးဇူးရှင် လုပ်သူတွေမှာဖြင့် တကတဲ အမြဲငရဲပမာ လူချင်းမတူရှာဘဲ ဒုက္ခဘုံမှာ ဝဲလှည့်လို့ နေရှာသည်။

"ဩော်... သမီး နှ ပြန်ခဲ့ပေါ့ကိုး"

နှအမေသည် ရေနံဆီပုံးကလေးကို လက်တစ်ဖက်မှ ဆွဲကိုင်ရင်း ငြိမ့်ငြိမ့်ကလေး ပြန်လာသည့်နှကို တဲဝဆီမှ

www.burmeseclassic.com

www.burmeseclassic.com



ဆီး၍ နှုတ်ဆက်လေသည်။

"ဟုတ်တယ်အမေ၊ ရေနံဆီလည်း မရခဲ့ပါဘူး၊ ကုန်သွားလို့၊ တစ်နေ့လယ်လုံး အဆင်းရဲခံရတာ၊ အလကားပါပဲ"

နု၏အသံမှာ ကြေကွဲဖွယ်ကောင်းအောင်ပင် တုန်လှုပ်လှိုက်လှဲနေသည်ကို ကြားနိုင်သည်။ နုလိုပင် နုအမေလည်း အတော်ဝမ်းနည်းသွားသည်။ သို့ပေမင့် ပို၍ နုစိတ်မကောင်းမည် စိုးသောကြောင့် ကြိုးစားကာ ဣန္ဒြေဆောင်ထားရှာသည်။

"ကုန်သွားလို့မရတာတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ နုရယ်။ နောက်တစ်ပတ်ကျတော့ ရရောပေါ့"

နု၏အမေမှာ နုကို အလွန်ချစ်ရှာသည်။ ကိုးလလွယ် ဆယ်လဖွားရုံတင်မျှမက သူ့မှီခိုအားထားရာ ကျေးဇူးရှင်ကြီးမရှိသည့်နောက်တွင် သူ့တာဝန်၊ သူ့တစ်အိမ်ထောင် တာဝန်ကို နုပင် စိတ်ရှည်လက်ရှည် ထမ်းဆောင်နေရှာသည်။ ယုယုယယ ခယဝတ်တွား ပြုစုရှာသည်။ ဘယ်နေရာ ဘယ်ဌာနမှ ဆုံးမစရာမလို၊ အလွန်သိတတ်သည်။ သူ့ကိုယ်သူ စောင့်ထိန်းတတ်သည်။ သမီးတစ်ယောက်ဆို ဆိုစလောက်ပင် အားထားရသည်။ အလိမ္မာတုံး ရှုမငြီးသော သမီးချော နုပါတကား။

ဤသည်ကြောင့်ပင် နုကို ချစ်သနားမဆုံး။ နု ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ အောက်ကျနောက်ကျ အလုပ်လုပ်နေသည်ကို မရှုရက်၊ မမြင်ချင်၊ မမြင်ချင်မရှုရက်ပေမဲ့လည်း မတတ်နိုင်၊ မလွှဲသာတော့ ဥပေက္ခာ ပြုရသည်။

"ရေနံဆီက တစ်ခါတစ်ခါဆို ထုတ်က ထုတ်ဖြစ်ခဲပါဘိနဲ့။ မရလိုက်တာ သိပ်ဆိုးတာပဲ" နုသည် မကျေမချမ်းသံကလေးနှင့် ထပ်တွန့်၍ ပြောလိုက်သေးသည်။

ညနေ လေးနာရီထိုးပြီဖြစ်သဖြင့် နုသည် ညစာအတွက် ချက်ပြုတ်ရေးကို စိုင်းပြင်းနေရလေသည်။ နုသည် ဆန်ကောအတွင်းမှဆန်ကို ထမင်းအိုးထဲသို့ လောင်းထည့်နေသည်။ ဆန်မှာ တော်တော်ကိုဆိုးသည်။ နီဝါကြောင်ကြား ဖွဲနုများနှင့် စပါးလုံးတွေကလည်း ပါလိုက်ချေသေးသည်။ ဆန်မကောင်းသောကြောင့် ချက်၍လည်း မကောင်း၊ စား၍လည်း မကောင်းပေ။

ထောင်သားများမှာ အလွန်ဆိုးသော လုံးတီးဆန်ကို စားရသည်ဟု နုကြားဖူးသည်။ သို့ပေမင့် ထောင်သားများ ဆန်မှာ နုတို့စားနေရသော ဆန်ထက်ဖြင့် ပို၍မဆိုးနိုင်။ သည်ဆန်ကသာ ပိုဆိုးချင် ဆိုးမည်ဟု နုစိတ်က အောက်မေ့သည်။ နုစိတ်က အောက်မေ့သည်မှာလည်း မမှားပေ။ တကယ်ပင် နု ယူဆချက်အတိုင်းသာ ဖြစ်ပါသည်။ မြန်မာပြည်ဟာ ကမ္ဘာပေါ်မှာ ဆန်အများဆုံးထွက်တဲ့ တိုင်းပြည်ပါပဲ။ ဒါပေမဲ့ သည်ဆန်တွေဟာ နုတို့အတွက်မဟုတ်ပါ။ အလုပ်မလုပ်သူတွေ၊ ကိုယ်ကျိုးရှာသူတွေ၊ နိုင်ငံခြားသားတွေအတွက်သာ ဖြစ်ပါသည်။

* * *

ညသည် သာယာအေးချမ်းသောအသွင်ဖြင့် ဣန္ဒြေရရ တည်ရှိသည်။ လမင်းကား လောကဓာတ်တစ်ခုလုံးကို အကြွင်းမဲ့ ရောင်ဝါတွေ ဖြန့်ချိထားသည်။ မြေနိမ့်မြေပြင် တောင်ကုန်းတောင်ထွတ်မလွတ်၊ ချောင်းမြောင်း၊ မြေပြင်၊ ပင်လယ်သမုဒ္ဒရာမကျန် ဥယျာဉ်ပန်းမန်၊ ခင်တန်းတောကွေ့၊ မြက်ခင်းကိုင်းတော၊ သစ်တောကြီးတွေအပြည့် လရောင်ဝါရှိသည်။ လမင်းသည် မျက်နှာမလိုက်။ အဂတိတရား ကင်းစင်ဘိသည်။ ဒီနေရာနိမ့်၍ ဟိုနေရာမလှပ၍ဟု ချန်မထား။ ညီညီမျှမျှ အေးချမ်းမှု သုခကို ပြည့်ဝအောင် ဖန်တီးပေးသည်။

နုသည် တဲရှေ့ကွပ်ပျစ်၌ လဲလျောင်းရင်း မျက်နှာချင်းဆိုင်မှ တလက်လက် ပြိုးပြက်တောက်ပ၊ မျက်တောင်ခတ်နေသည့် တာရာကလေးတွေကို ကြည့်နေသည်။ ၂၄ နာရီအတွင်းမှာ ဒီအချိန်ဟာဖြင့် နုဖို့ အလွတ်လပ်ဆုံး၊ အအေးချမ်း အကြည်လင်ဆုံး၊ စည်းစိမ်အရှိဆုံးပေါ့။

နု စိတ်သုခခံစားမှုအတွက် အဘယ်သူတစ်ဦးတစ်ယောက်ကမှ ဖန်တီးမပေး။ သဘာဝတရားကြီးကသာ လျစ်လျူမရှု၊ သက်သက်ညှာညှာ နုခများကို အခါအခွင့်ရတိုင်း ဖန်တီးပေးသည်။ ပျော်ဘုံဆောက်တည်ပေးသည်။ ပစ္စည်းရှင် လူချမ်းသာတွေကတော့ သဘာဝတရားကို အရေးမထားပါဘူး။ အချိန်အခါမရွေး၊ ရာသီဥတုမရွေး စည်းစိမ်ခံစားမှုအသွယ်သွယ်ကို ဓနနှင့်ဖန်တီးပြီး လွန်လွန်ကြူးကြူး ယစ်မူးနေသည်ကော။

"ဩော်... နု အိပ်နေပလား"

နုသည် ရုတ်တရက်ထိုင်လိုက်သောအခါ၌ အသက် ၂၀ ကျော်ရွယ်၊ ထွားထွားကျိုင်းကျိုင်း အလုပ်ကြမ်းသမား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အသွင်ဖြင့် ညီညွတ်သော ယောကျ်ားပျိုတစ်ဦးကို ကွပ်ပျစ်နှင့် ဆယ့်ကိုးပေကွာလောက်၌ ရပ်လျက်တွေ့ရသည်။

"သြော်... ကိုကျော်မောင်၊ မအိပ်သေးပါဘူး။ လာလေ ထိုင်ပါဦး"

နုသည် ကွပ်ပျစ်တစ်ဖက်စွန်းသို့ ရွှေ့ပေးလေသည်။ ကိုကျော်မောင်ခေါ် ယောကျ်ားပျိုသည် အခြားအစွန်းဘက်တွင် ထိုင်လိုက်သည်။

"ကိုကျော်မောင် မပေါ်လာတာ ကြာသွားပြီ။ ဘယ်သွားနေလို့တုန်း"

"ဘယ်မှ မသွားပါဘူး နု။ အလုပ်ချိန်က နေ့လည် ၂ နာရီဝင်၊ ည ၁၀ ထွက် ဖြစ်နေလို့ပါ။ နေ့ကျတော့ နု မအား၊ ညမှာလည်း ကျုပ်က မအားနဲ့ အလည်မရောက်တာပါ။ ဒါထက် အဒေါ်တို့ကော အိပ်ကြပလား" ကျော်မောင်သည် စကားအဆုံး၌ နုအမေကို သတိရ မေးမြန်းလိုက်သည်။

"အိပ်ပြီ ကိုကျော်မောင်၊ ခုတလော နည်းနည်းနေကောင်းတာနဲ့ အိပ်ပျော်နေပျော် ရှိနေတယ်"

နုအသံမှာ အတော်ပဲ ကြည်လင်သည်။ အေးချမ်းကြည်နူးစွာမှ လုပသောအကြောင်းတစ်ခုကို ပြောရသည့်အသံမှာ အသို့လျှင် မကြည်လင်ဘဲ နေမည်နည်း။

"လက်ဖက်ခြောက်ကုန်နေတာနဲ့ ကိုကျော်မောင်တောင် လက်ဖက်ရည်ကြမ်း မတိုက်ရဘူး"

"ကိစ္စမရှိပါဘူး နု" ကျော်မောင်က အဝေးသို့ မျှော်ငေးကြည့်ရင်း အေးဆေးစွာ ဖြေလေသည်။

"ကုန်ဈေးတွေကလည်း ခေါင်ခိုက်နေတာပဲ။ လက်ဖက်ခြောက် တစ်ပိဿာကို ၂၀ိ တဲ့။ ရတဲ့ ပိုက်ဆံက တစ်နေ့သုံးမတ်ရတာ ဘယ့်နှယ်လုပ်မလဲ။ ဒီအတိုင်းသာဆိုရင်တော့ ရေနံမြေကလူတွေ ငတ်သေမှာပဲ" နုက ပြောလေသည်။

"ဟုတ်တယ်နု... တစ်နေကုန်တစ်နေခန်း အသက်စွန့် လုပ်ရပြီးတော့ ရတဲ့ပိုက်ဆံကဖြင့် မုန့်ဖိုးတောင် မရှိဘူး။ အရင်တလောက ကြည့်စမ်းပါဦး။ စက်သေနတ်ပစ်သွားလို့ အလုပ်ထဲမှာ သေသွားတဲ့ လူတစ်ယောက်အတွက် လျော်ကြေးငွေ ၁၂၀ိ ပေးသတဲ့။ ခုခေတ်ကြီးထဲမှာ ငွေ ၁၂၀ိ ဘာလုပ်မလဲ။ သင်္ဂြိုဟ်စရိတ်တောင် မရှိဘူး။ အလကားပဲ ရေနံမြေမှာ လူဖြစ်တာ ဘာမှမကောင်းဘူး။ သူများအတွက် ဝက်ကျွန်ဖြစ်နေရတာပဲ"

ကျော်မောင်သည် နုစကားနှင့်ဆက်၍ ဘဝဆိုးအကြောင်းကို စိတ်နာနာနှင့်ပြောသည်။

"လှေထိုးလိုက်ရတာကမှ ကောင်းသေးတယ်။ တစ်ခေါက်ပြန်ဆိုရင် ၅၀ိ၊ ၆၀ိ၊ ဆန်တစ်အိတ်၊ နှစ်အိတ်ရတယ်။ တစ်ခေါက်တစ်ခေါက်ဆို ဘာကြာသလဲ။ အလွန်ဆုံး ၂ လပေါ့။ ကျုပ်လည်း လိုက်မလို့ပဲ အမေကအစိုးရိမ်ကြီးပြီး ဖျက်လွန်းလို့၊ အသေအပျောက် ခေတ်ကြီးမှာ တကွဲတပြား မနေနိုင်ဘူးတဲ့။ ထမင်းရည်သောက်နေရနေရ သားအမိတစ်စု အတူတူနေရရင် စိတ်ချမ်းသာသတဲ့။ အမေစိတ်ချမ်းသာပေမဲ့ ကျုပ်က စိတ်မချမ်းသာဘူး။ လုပ်နိုင်ကိုင်နိုင်တဲ့ ယောကျ်ားရင့်မကြီးအဖြစ်နဲ့ ဆင်းရဲနေရတာ" ကျော်မောင်မှာ စိတ်မကောင်းသံ ပါနေလေသည်။

ကျော်မောင်တို့ နုတို့မှာ အလွန်ရင်းနှီးသော သူငယ်ချင်းဖြစ်သည်။ အိမ်ချင်းမဝေးကွာလှ၊ ရပ်ကွက်တစ်ခုတည်း ဖြစ်သည်။ ကျော်မောင်မှာလည်း မိခင်ကြီးနှင့်၊ ညီကလေးတစ်ယောက် မှီခိုသူရှိလေသည်။ ကျော်မောင်မှာ လုပ်နိုင်ကိုင်နိုင်သည့် အရွယ်၊ ကျန်းမာရေးနှင့် ဒင်ပြည့်ကျပ်ပြည့် ညီညွတ်သူဖြစ်၍ သူ့အားကို သူအားကိုးသည်။ သူ့စွမ်းအားထုတ်သလောက် အကျိုးခံစားရသည့်အလုပ်ကို လုပ်ချင်သည်။ ဒါမှလည်း သူ့တာဝန်သူကျေပွန်သည်ဟု ယူဆနိုင်မည်။ သူ့မှီခိုသူတွေ လူချင်းတူတူ သူချင်းမျှမျှ နေထိုင်စားသောက်ကြရမည်။ သို့ပေမင့် ကျော်မောင်၏ မိခင်ကြီးက သားအား အနားက တစ်ဖဝါးမှ မခွာစေချင်၊ မခွာစေရ။ ရေနံအလုပ်ကို လုပ်ရသည်မှာ မလောက်မင ဆင်းရဲကျပ်တည်းမှန်း သိနားလည်သော်လည်း တခြားအရပ်ဒေသသို့ သွားရောက်မလုပ်ကိုင်စေလို... ခုမြင်ခုပျောက် ခေတ်ကြီးမို့ မတော်တဆများ။

ရေနံကုမ္ပဏီအလုပ်ကတော့ မလောက်မင။ မလှုစုတ်မွဲ၊ ဆင်းရဲကျပ်တည်း၊ လစာနည်းပေမဲ့ အလုပ်ချိန်ကလွဲရင် သားအမိတစ်စု အတူတူနေရသည်။ တစ်ဦးကိုတစ်ဦး မစိုးရိမ်ရ။ သေအတူ ရှင်အမျှ။ ဒါကြောင့် ကျော်မောင့်မိခင်ကြီးက ဆင်းဆင်းရဲရဲ ကျော်မောင်နဲ့ မခွဲဘဲနေသည်။

"ဒီလိုပေါ့ ကိုကျော်မောင်ရယ်။ အခါကြီးက မကောင်းသေးတော့ ဆင်းဆင်းရဲရဲ ကြိတ်မှိတ်နေဦးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုချည်းပဲ တစ်သက်လုံး နေသွားမှာ မဟုတ်သေးပါဘူး"

နသည် ကျော်မောင် နှစ်သိမ့်စေရန် အားပေးစကား ပြောသည်။ ကျော်မောင် စိတ်ချမ်းသာမှုကို န လိုလားသည်။ ကျော်မောင်ကို နက ခင်သည်။ ကျော်မောင်မှာ ယောကျ်ားပီသသော ကိုယ်လုံးကိုယ်ထည် ရှိသည်။ တည်ကြည်မြင့်မြတ်သော စိတ်ဓာတ်ရှိသည်။ အသောက်အစား အပျော်အပါး အကစား ကင်းရှင်းသည်။ အားနည်းသူတိုင်းကို ကူညီချင်သည့် ဝါသနာရှိသည်။ ထို့ကြောင့်ပင် သူတို့လောက၊ သူတို့အပေါင်းအဖွဲ့က ကျော်မောင့်ကို ချစ်ခင်ကြသည်။ လေးစားရိုသေကြသည်။ အားလည်းကိုးကြပါသည်။ ဒီအထဲမှာ နဟာဖြင့် အပိုဆုံးပေါ့။ သူများတွေအကုန်လုံးက ကျော်မောင်ကို ချစ်ခင်လေးစား အားကိုးတဲ့ စိတ်ဓာတ်အစိုင်အခဲကို ချိန်ခွင်ထက်မှာများ တင်ပြီးစက်ကြည့်လိုက်ရရင် နဘက်ကပဲ အလေးသာလိမ့်မည်ထင်သည်။

"ဟ ကျော်မောင်ကြီးလည်း ဒီရောက်နေသကိုး" အင်္ကျီမပါ၊ ဗလာကိုယ်ထည်နှင့် လုံချည်တိုတိုဝတ်ကာ အပိုလုံချည်တစ်ထည်ကို ခေါင်းပေါင်းထားသည့် ကျော်မောင်နှင့် ရွယ်တူလောက် ယောကျ်ားပျိုတစ်ဦး ရောက်လာနှုတ်ဆက်ခြင်း ဖြစ်ပေသည်။

"ဩော်...ဘထူး ထိုင်ဦးလေ၊ ဘယ်သွားမလို့တုန်းဟ"

"ကိုဘထူးကြီး ထိုင်ပါဦးလေ။ ဘာများ အရေးကောင်းနေသလဲ"

ကျော်မောင်နှင့်နက တစ်ပြိုင်တည်းလို ဘထူးအား နှုတ်ဆက်ပြောဆိုကြသည်။ သို့ပေမဲ့ ဘထူးက မထိုင်။

"မထိုင်ဘူးကွ ငါတို့ ဟိုကိုသွားမလို့ အဖော်တွေစောင့်နေတာ"

"ဟိုကို" ဆိုသည်ကို နနှင့်ကျော်မောင် ကောင်းကောင်း နားလည်သည်။ အင်္ဂလိပ်ထွက်ပြေးစဉ်က ရေနံတွင်းတွေ၊ အလုပ်ရုံတွေကို မီးသင်္ဂြိုဟ်ခဲ့သည်၊ ဖျက်ဆီးပစ်ခဲ့သည်။ ဒိုက်နိုပွန်တွေက ပြန်လည်ထူထောင်းနေသည်။ ရေနံမြေ၏ ရောဂါဆိုးကြီးကို ဓာတ်ကြမ်းကုနေသည်။ တချို့အလုပ်ရုံတွေ တော်အိရော်အိ ထူထောင်းဆောက်တည်ပြီးပြီ။ တချို့ရေနံတွင်းတွေ ခဝ်မောင်းနေပြီ။ ရေနံထုတ်ယူနေပြီ။ တချို့ရေနံတွင်းတွေကလည်း အလိုအလျောက် အရမ်းမဲ့ရေနံတွေ ထွက်နေသည်။ ချောင်းမြောင်းအသွယ်သွယ်မှ စီးဆင်း၍ မြေနိမ့်ချိုင့်ဝှမ်းတွေမှာ ရေနံတွေ အိုင်ထွန်းနေသည်။ ရေနံကန်ကြီးများနှင့်တူသည်။ ဤသည့် ရေနံတွေကို ဆင်းရဲသားလူမွဲတွေက ညအခါ တိတ်တဆိတ် သွားရောက်ခပ်ယူ သယ်ဆောင်ကြသည်။ သို့မဟုတ် ခိုးသည်လည်းမည်၏။

ရေနံစိမ်းက ဈေးကောင်းသည်။ တစ်ထမ်းကို တစ်ရာကျော်ရသည်။ တစ်ည ၃ ထမ်းဆိုလျှင် ငွေ ၃၀၀ ကျော် ၄၀၀ လောက် ရတာပဲ။ ဒါပေမင့် လူမွဲတွေ(ဝါ) သူခိုးတွေမှာ အတော်ဘေးရန်ကြီးသည်။ ရေနံမြေမှာ 'ရေနံမြေပုလိပ်' ဟူသည့် လူတန်းစားတစ်မျိုးရှိသည်။ သူတို့တာဝန်မှာ ရေနံမြေ (Oil Field)အတွင်းက ပျဉ်တိုပျဉ်စကလေးတစ်ခုတလေ၊ သွပ်တိုသွပ်စကလေးတစ်ခုတလေနှင့် သံတိုသံစကလေးတစ်ခုတလေအပြင် ရေနံတစ်စက်တလေမှ မပျောက်ပျက်ရအောင် စောင့်ထိန်းကာကွယ်ရသည်။ ရေနံမြေအတွင်း လာလာသမျှ လူအပေါင်းကို စစ်ဆေးမေးမြန်းကြသည်။ ရေနံမြေ အလုပ်သမား လက်မှတ်မပါလျှင် ဖမ်းချင်ဖမ်း၍ ရိုက်ချင်ကရိုက်နိုင်သည်။ ရေနံမြေအတွင်းမှာဆိုရင် ရေနံမြေပုလိပ်ကို အသေအချာ ကြောက်ရသပေါ့။

တစ်ခါတစ်ရံ ရေနံမြေအတွင်းမှ ပစ္စည်းများ ပါလာသူ၊ ခိုးလာသူများကိုတွေ့လျှင် ဖမ်းဆီးရိုက်နှက် ငါးဖယ်တေသလိုတေပြီးမှ နိပ္ပွန်ရေနံမြေရုံးကို ပို့ဆောင်သည်။ ရေနံမြေပုလိပ်က သူခိုးဆိုလျှင်ပြီးရော ဟုတ်ဟုတ်၊ မဟုတ်ဟုတ် နားမလည်။ ထွက်မပြေးနိုင်အောင် ကြိုးတုပ်၍ ၇ ရက်လောက် နည်းမျိုးအဖုံဖုံ စုံအောင်ညှင်းတော့သည်။ လူ ၁၀ ယောက် အဖမ်းခံရလျှင် ၃ ယောက်လောက်သေ၍ ၄ ယောက်လောက် လူချင်းမတူ။ လူစဉ်မမီအောင် ကျိုးကန်းကြလျက် ၃ ယောက်လောက်သာ အနိုင်နိုင်ကျန်တော့သည်။ ထို့ကြောင့် ရေနံမြေပုလိပ် အဖမ်းခံရသည်ဆိုလျှင် တော့မသက်သာ အနည်းဆုံး ဆွေမျိုးတော့မေ့လေရော့။

တချို့ ရေနံမြေပုလိပ်တွေကတော့ သူခိုးကလေးတွေကို နှိမ်နင်းပြီးတော့ သူတို့ကိုယ်တိုင် သူခိုးဈေးကြီးတွေဖွင့်ထားသည်။ ဗမာ-ကုလား-တရုတ် လူမျိုးစုံ ပိုက်ဆံရှိသူတွေနှင့်ပေါင်း၍ ပေပျဉ်တွေ၊ ကြေးနီ၊ ကြေးဝါတွေ၊ သံ အမျိုးမျိုး အစားစားတွေကို တန်ပေါင်းများစွာ ရေနံစိမ်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရေနံဆီ၊ မာတ်ဆီတွေကို ဂါလံပေါင်း မြောက်မြားစွာ ခိုးထုတ်ကြသည်။ တစ်ခါတစ်ခါ ခိုးထုတ်လိုက်လျှင် ငွေတွေကို ထမ်းလို့မနိုင်သလောက်တောင် များလွန်းသည်။ သူတို့တတွေ လောဘကြီးလွန်းလို့ အဝေမညီ မသင့်မမြတ်ဖြစ်ပြီး ခိုးထုတ်ခိုးထည်ပေါ်ရင်၊ မာစတာတွေ သိသွားရင်လည်း မသက်သာ။ အများအားဖြင့် သေရွာကို သွားရသကော။ ဒါပေမဲ့ တချို့နေရာတွေမှာတော့ မာစတာတွေကိုယ်တိုင်လည်း ခိုးထုတ်ကြသည်။ အကြံပေးဖြစ်သည်။

ဘထူးပြောသည့် "ဟိုကို" ဆိုသည်မှာ ချောင်းမြောင်းအသွယ်သွယ်မှ စီးဆင်းအိုင်ထွန်းနေသည့် ရေနံကန်ကို ရည်ရွယ်သည်။ ဘထူးတို့လူမွဲတွေ (ဝါ)သူခိုးကလေးတွေသည် ထိုရေနံအိုင်မှ ရေနံစိမ်းများကို ကိုယ့်အစုနှင့်ကိုယ့်အဖွဲ့နှင့် သွားရောက်ယူငင်ကြသည်။ သို့မဟုတ် ခိုးကြသည်၊ ယခုလည်း ဘထူးတို့ ထိုသို့သွားရောက်ရန်ဖြစ်ပါသည်။

သံပုံးထမ်းကိုယ်စီနှင့် လူဆယ့်ကိုးယောက် အသံအုပ်၍ ခပ်တိုးတိုးစကားပြောရင်း နုတို့တဲကလေးနှင့် ပေတစ်ရာလောက် အကွာက လမ်းပေးမှာ လျှောက်လာကြသည်ကို နု ကျော်မောင်နှင့် ဘထူးတို့ သုံးဦးသား မြင်ကြရလေသည်။

"လာကြပြီဟေ့... ငါသွားဦးမယ်" ဘထူးသည် နှုတ်ဆက်ရင်း ခပ်သွက်သွက်ကလေး ထွက်သွားလေသည်။ ကျော်မောင်နှင့် နုတို့မှာ ထိုလူတစ်စုအား ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

"မွဲတော့၊ ငတ်တော့ ကောင်းကောင်းနေချင်လို့ မနေရဘူး၊ ဘဝသံသရာ နှစ်ခုလုံး မကောင်းတဲ့ ဒုစရိုက်မှုတွေကို လုပ်ရတာပဲ" ဆိတ်ငြိမ်မှုကို ကျော်မောင်က ဖြိုခွင်းလိုက်သည်။

"ဟုတ်တယ် ကိုကျော်မောင်။ ငရဲနဲ့ ဝမ်းစာ နီးရာကိုလိုက်ရတာပဲ။ လက်ငင်း ဒုက္ခဘေးက ကင်းအေးမယ့်အလုပ်ဆိုတော့ မကောင်းမှန်းသိကြပေမဲ့ လုပ်ရတာပေါ့။ အရင် ဟိုဘက်နားက ဒေါ်သက်တို့ဆိုရင် အတော်ကြီးစားနေရတာ။ ခုဆိုရင် အဲဒီရေနံအလုပ်လုပ်ခါမှ ဟန်ကျလာတယ် အဝတ်အစားဆိုလည်း တစ်ပုံကြီးပဲ" နုသည် ကျော်မောင်စကားကို လေးလေးစားစားထောက်ခံလေသည်။

"မြန်မာပြည်လွတ်လပ်ရင် ကောင်းစားမယ်၊ ကောင်းစားမယ်နဲ့ ဘယ်လိုကောင်းစားမှာလဲ နုတို့ အလုပ်သမားတွေဖြင့် အရင်လို အရင်လိုပါပဲ"

နုသည် တစ်ခါတုန်းက ဖွားခင်၊ အေးသက်တို့နှင့် မြိန်မြိန်ယှက်ယှက်ကြီး ပြောခဲ့ဖူးသည့် လွတ်လပ်ရေးအကြောင်းကို အမှတ်ရသဖြင့် ကျော်မောင်ကို ပြောလိုက်သည်။

"လွတ်လပ်ရေးမကလို့ ဘာကြီးရနေနေ ကျုပ်တို့ရေနံမြေက ရေနံအလုပ်သမားတွေဟာ ဒီအလုပ်ကို လုပ်ရင်း လူချင်းမတူသူချင်းမတူ သေရမှာပဲနု" ကျော်မောင်အသံမှာ မာမာပြတ်ပြတ် ဖြစ်လေသည်။

"အမှန်က ကျုပ်တို့ဟာ ဝဋ်ခံနေရတာပဲ။ ရေနံမြေက အလုပ်သမားတွေဟာ ဘယ်တုန်းကမှ မကောင်းစားခဲ့ဘူး၊ တစ်ခုတော့ ရှိတာပေါ့လေ၊ အထက်တန်းစား အရာရှိကြီးတွေကတော့ ကောင်းစားကြတာပေါ့။ တကယ်တမ်း ထိထိရောက်ရောက် ဆင်းဆင်းရဲရဲ လုပ်ရတဲ့ ကျုပ်တို့အတန်းအစား အလုပ်သမားတွေကိုပြောတာ မကောင်းစားဘူးဆိုတာ။ အထူးသဖြင့် ခုဂျပန်ခေတ်ဟာ အဆိုးဆုံးပဲ။ ကြည့်လေ အလုပ်သမားတွေကို တကယ် မသေရုံတမယ်ကလေးကျွေးထားပြီးတော့ တရားမဲ့ ရက်ရက်စက်စက် ဘယ်လောက်ခိုင်းသလဲ၊ ခြိမ်းခြောက်ထားလိုက်သေးတယ်။ အလုပ်ပျက်ရင် ချွေးတပ်ပို့မယ်၊ စစ်တပ်ပို့မယ်နဲ့ ပြီးတော့ မဆုံရင်ကန် အလုပ်ကြီးတွေကို ထုနဲ့ထည်နဲ့ အင်အားနဲ့ မျှမမျှ ညီမညီမကြည့်ဘူး၊ ဇွတ်အတင်းခိုင်းတာပဲ။ မလုပ်နိုင်ရင် ပါးရိုက်တယ်။ စည်းမဲ့ကမ်းမဲ့ ဘယ်လောက်လုပ်နေနေ ဘာမှပြန်ပြောခွင့်၊ ဖြေရှင်းခွင့် မရှိဘူး။ ဒီအလုပ်သမားတွေဟာ ရာဇဝတ်သားတွေနဲ့ ဘာထူးသေးသလဲ။ မဆုံရင်ကန် အလုပ်ကြီးတွေကို ဇွတ်လုပ်ရလို့ ထိမိခိုက်မိတိုက်မိပြီး သေတဲ့လူလည်း သေကုန်တယ်၊ ကျိုးကန်း လူစဉ်မမီလည်း ဖြစ်ကုန်တယ်။ အလုပ်ဒဏ်ပိနေထိုင်မကောင်းဖြစ်ပြီး အသက်တိုကြရတယ်။ ကျုပ်တို့ဒီဘဝဆိုးကလွတ်ဖို့ နည်းလမ်းကတော့ ကံဆိုးမိုးမှောင်ကျနေတဲ့ ကျုပ်တို့အလုပ်သမားတွေရင်လည်း သေကုန်မှ၊ ဒါမှမဟုတ်ရင် သူတို့အလုပ်ရှင်တွေမရှိမှပဲ ဖြစ်မယ်"

ကျော်မောင်သည် တသီတတန်းကြီး လေလျှောက်ပြောနေရာမှပင် သူ့စကားအတွင်း စိတ်ဝင်စားကာ မိန်းမောတွေးတောသွားသည်။ နုကား လရောင်ဝါပက်ဖျန်းထား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည့် ဣန္ဒြေရရရင့်ကျက်သော အမူအရာနှင့် မမိုတ်မသုန် ဖြစ်နေသည့် ကျော်မောင်၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေလေသည်။

လေညှင်းသည် တသင်းသင်းပင် လှုပ်ရှားနေသည်။ အကယ်၍သာ နုတစ်ယောက်သည် သူဋ္ဌေးကြီးတစ်ဦး သမီးဖြစ်လျှင်၊ ကန်ထရိုက်တာကြီးတစ်ဦးသမီး ဖြစ်ခဲ့ပါလျှင် သို့မဟုတ် 'ကော်လာဖြူ အလုပ်သမား' အရာရှိကြီး တစ်ဦးဦး၏ ့သမီးသာဖြစ်မည်ဆိုလျှင် နုထံမှ ကြိုင်ကြိုင် လျှမ်းသော ဂန္ဓာရုံသည် ကျော်မောင့်နှာခေါင်းတွင်းသို့ အတင်းဝင်၍ ကြူကြူမွှေးမည်ဖြစ်လေသည်။ အကယ်၍ ကျော်မောင်၏ အချစ်စိတ်သာ အိပ်ပျော်နေခဲ့ပါလျှင်လည်း အတင်းပင် တပ်လှန့်၍ နှိုးပေးလိမ့်မည်။

သို့ပေတမင့် နုဟာဖြင့် အလွန်ဆင်းရဲလှသည့် အလုပ်သမားကလေး၊ ပစ္စည်းမဲ့ အလုပ်သယ်ကလေးတစ်ဦးမျှ ဖြစ်သည်။ အပိုအမို အလှအပတွေ မွန်းမံခြယ်လှယ်ဖို့ စည်းစိမ်ခံစားဖို့ နေနေသာသာ စားဖို့ဝတ်ဖို့နေဖို့မှ အနိုင်နိုင် ကျော်မောင်သည် အဝေးသို့ငေးမျှော်ကြည့်နေရာမှ အတွေးရပ် လှုပ်ရှားလာကာ နုအား ကြည့်လိုက်သည်။ နုသည် ကျော်မောင်နှင့် မျက်လုံးချင်း ဆိုင်မိသောအခါ၌ တာရှည် မခံနိုင် မျက်လွှာချလိုက်သည်။ နု၏မျက်လုံး ကြည်၍ အရည်လဲ့နေသလို ကျော်မောင့် မျက်လုံးများမှာလည်း ရွှန်းရွှန်းစားစားနှင့် ထက်မြက်စူးရှသည်။ ထို့ကြောင့်ပင် နု မျက်လွှာချလိုက်ခြင်း ဖြစ်သည်။ ကျော်မောင့်မျက်လုံး ဒဏ်ကို နု မခံနိုင်ပေ။

ကျော်မောင်သည် အရင်က နုကို အခုလောက် သေသေချာချာ မကြည့်ခဲ့မိဘူး။ ပန်းမန်နံ့သာ ခြယ်လှယ်မထားပေမဲ့၊ အလှအပ ဝတ်စားတန်ဆာ ဆင်ယင်မထားပေမဲ့ နုဟာဖြင့်လှသည်။ ကျော်မောင့်စိတ်အာရုံဝယ် ယခု နုသည် ရှုမဝ။ အရင့်အရင်တုန်းက ကျော်မောင် နုကို ခင်မင်ခဲ့သည်။ ကြင်နာခဲ့သည်။ ယခုသော်... ထိုအသေးအဖွဲကလေးတွေက မေတ္တာတုံး၊ မေတ္တာခဲ၊ အချစ်တုံး၊ အချစ်ခဲ၊ ထုထည်အစိုင်အခဲကြီး ဖြစ်မြောက်လာအောင် လုပသော သဘာဝတရားကြီးက ဖန်တီးပေးလိုက်သည်။ ပြောင်းလဲပေးလိုက်သည်။

"နု"

ယခင့်ယခင်က အကြိမ့်အကြိမ်ပေါင်းများစွာ ဤတစ်လုံးတည်းသော နာမည်ကလေးကို ကျော်မောင် ခေါ်ဖူးလှပါပြီ။ သို့ပေမင့် သည်တစ်ခါအသံနှင့် တစ်ခါမှ မတူစဖူး။ သည်တစ်ခါအသံကတော့ စိတ်ဓာတ်ခံကိုက ပြောင်းလဲနေလို့ အသံပါထူးခြားနေပါသည်။ ကျော်မောင်ခေါ်သံကြားရကတည်းက နု သိသည်။ ကျော်မောင် စိတ်ဓာတ်သည် နု၏ ဟဒယအိမ်ကို ဂယက်ရိုက်လိုက်သည်။ ထို့ကြောင့်ပင် နုကလည်း မမှန်သောအသံကလေးဖြင့်ပင် ခွန်းတုံ့သည်။

"ကိုကျော်မောင်"

"ကျုပ်တော့ မုဖြင့် နုကို သိပ်ချစ်နေပြီ နု"

ကျော်မောင် ရိုးရိုးပြောလိုက်သည့်အတိုင်းပင် သူ့အချစ်မှာ နုအပေါ်ဝယ် အတော်ထုထည်ကြီးမားသည်။ နုကို သိပ်ချစ်သည်။ တကယ်လို့သာ နုသည် အပိုအမို လောကွတ်တွေ၊ ပရိယာယ်ပကာသနတွေ ဗာရာဏသီချဲ့မှုတွေကို နှစ်သက်သူ လိုလားသူတစ်ယောက်ဆိုလျှင် ကျော်မောင်ပြောလိုက်ပုံကို အကြီးအကျယ် အားမလိုအားမရ ဖြစ်လိမ့်မည်။

"သိပ်ချစ်တယ်" ဟု အမှန်ကို တုံးတိတိပြောလိုက်ခြင်းထက် **ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပလေတို့၊ သမုဒ်မင်ရေဖျော်လို့ ချစ်တာတွေ စာစီလို့ကုံးရရင် ဆုံးဆမတိုင်** တို့၊ **ဟန်တစ်ခါပြင် ရွှေစင်ဆယ်တင်း ဆက်သွင်းပုံသေ သိန်းတန်မေ** အစရှိသည်တို့နှင့် ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ချစ်ရေးဆိုစေချင်ပေလိမ့်မည်။ ပရိယာယ်ဝေဝုစ် စကားမာယာ ကြွယ်သလောက် သုံးနှုန်းဖွဲ့နွဲ့လျက် မေတ္တာနှောင်ကြိုး သွယ်စေလိုပေလိမ့်မည်။

ဒါပေမဲ့ ကျော်မောင်ကလည်း ခေတ်ပညာတတ် လူချမ်းသာ လူရည်လယ်တွေလို သည်လိုဖွဲ့ဖွဲ့နွဲ့နွဲ့ ချစ်ရေးမဆိုတတ်၊ မပြောတတ်၍လည်း တော်တော့သည်။ ပြောတတ်၍ ပြောမည်ဆိုလျှင်လည်း နုနားလည်မည်မဟုတ်။ အမှန်ပင်ငြီးငွေ့ ပျင်းရိလိမ့်မည်။ ကျော်မောင်ပြောလိုက်တဲ့ ချစ်စကားဟာဖြင့် ဂုဏ်ကြီးရှင်အမျိုးသမီးတွေအဖို့ မကောင်းပေမဲ့ နုတစ်ယောက်နဲ့ဖြင့် သေသေချာချာကို ပဏ္ဏာစားတာပေါ့။ အဆင်ပြေတာပေါ့။

နုမျက်နှာမှာ ရက်သွေးရောင်ဖြန်း၍ နှင်းဆီရောင်လျှမ်းနေတော့သည်။ ခေါင်းငုံ့ထားလျက် ကွပ်ပျစ်မှ ခြေဖန့်

www.burmeseclassic.com



ဖန့်ဝါးအကြောကလေးတွေကို လက်မဖြင့်ပွတ်၍ တိုက်၍ သပ်နေသည်။

"ဘယ့်နှယ်လဲနု၊ ကျုပ်ချစ်သလို နုကလည်း ပြန်ချစ်နိုင်မယ် မဟုတ်လား"

ကျော်မောင့်အသံမှာ စိတ်အားတက်ကြွသော အရိပ်အယောင်များပြည့်လျက်...

"သေသေချာချာ စဉ်းစားပါဦး ကိုကျော်မောင်၊ ချစ်ဘယ်ကြိုက်တယ်ဆိုတာက အလွယ်ကလေးပါ။ နေထိုင်စားသောက်ရေးတွေက ခက်တယ်။ အိမ်ထောင်တစ်ခုရဲ့ တာဝန်ဟာ ဘယ်လောက်တောင် ကြီးမားသလဲဆိုတာလဲ ကိုကျော်မောင်အသိပဲ။ ကိုကျော်မောင့်အခြေအနေ၊ နုတို့အခြေအနေကို ပြန်ကြည့်စမ်းပါ။ ဘယ်လောက်ဆိုးဝါးနေသလဲ။ ဒါကြောင့် အခုအချိန်မှာတော့ အိမ်ထောင်ရေးကို မတွေးသင့်သေးဘူးထင်တယ် ကိုကျော်မောင်" နုသည် ဖြည်းညင်းစွာနှင့်ပင် အတော်ကြိုးစား၍ ပြောရလေသည်။

စီးပွားရေး ကျပ်တည်းမှုကြီးသည် နုကို ဒုက္ခပေးနှောင်ဖွဲ့ထားသည်ကို နုကိုယ်တွေ့ ခံစားရလျက် ကျော်မောင့်အခြေအနေကိုလည်း ကောင်းစွာသိသည်။ သည်လို အခြေအနေတိုင်းနှင့်များ အိမ်ထောင်ပြုရမည်ဆိုရင်တော့ ကိုယ့်ဒုက္ခကိုယ်ရှာရာ ရောက်ခြင်းအမှန်ဖြစ်သည်။

"မဟုတ်သေးဘူးလေ နု၊ ချစ်တာကတစ်ခြား၊ အိမ်ထောင်ပြုတာက တခြားပဲ။ အခု ကျုပ်ဆိုလိုတာက နု ကျုပ်ကို ချစ်သလား၊ မချစ်ဘူးလားဆိုတာပဲ။ တကယ်လို့ ချစ်တယ်ဆိုရင် အိမ်ထောင်ပြုတာကတော့ နောင်ဖြည်းဖြည်းပေါ့။ စီးပွားရေးချောင်လည်တဲ့ အချိန်အခါကောင်းတဲ့ အချိန်မှာ စီစဉ်နိုင်တာပေါ့"

နုသည် စကားပြန်မပေး၊ ခေါင်းလည်း မဖော်။ နေမြဲတိုင်းသာ နေလေသည်။ ဆိတ်ငြိမ်ခြင်းနှင့် အေးချမ်းကြည်လင်ခြင်းသည် ကျော်မောင်၏ အချစ်စိတ်ဓာတ်ကို မြှောက်ပေးနေသည်။ မထိန်းချုပ်နိုင်အောင် လှုံ့ဆွပေးနေသည်။ ကျော်မောင်သည် နုအနီးသို့ရောက်အောင် တိုးရွှေ့သွားသည်။ နုမှာ အစွန်ဆုံးရောက်နေပြီးဖြစ်၍ နောက်ဆုတ်မဖြစ်။ မလှုပ်မရှား နေမြဲတိုင်းပင်။ ကျော်မောင်သည် ပျော့ပြောင်းနူးညံ့သော နု၏လက်ဖမိုးကလေးကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။ နုက မရုန်း။ သို့ပေမဲ့ မျက်နှာတော့ တစ်ဖက်လွှဲသွားသည်။

"နု... နု ကျုပ်ကို ချစ်တယ်မဟုတ်လားဟင်" ကျော်မောင်သည် မချင့်မရဲမေးရင်း နု၏မေးကလေးကို လက်တစ်ဖက်က ကိုင်၍ မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်လိုက်သည်။

"နု... နု ကျုပ်ကို ချစ်တယ်မဟုတ်လား ဟင် နု"

နုသည် ရှက်စနိုးအမူအရာဖြင့် ဦးခေါင်းကို ညင်ညင်သာသာ ညိတ်လိုက်သည်။ အတိုင်းမသိ ဝမ်းမြောက်သော ကျော်မောင်သည် နု၏ ပြည့်ဖြိုးကျစ်လျစ်သော ကိုယ်ကလေးကို အားပါးတရပိုက်ထွေးကာ ပါးပြင်နုနုကလေး နှစ်ဖက်အား အငမ်းမရ ဘယ်ပြန်ညာပြန် နမ်းလေသည်။ နုမှာ အရုပ်လို ကျော်မောင်ပြုသမျှ နုရတော့မည်။

"ချစ်တုန်းခင်တုန်းတော့ ပျော်စရာပဲ ကိုကျော်မောင်၊ နောင်ခါများမှာ အိမ်ထောင်တာဝန်တွေကြောင့် စိတ်ပျက်စရာတွေ တွေ့လာမယ်"

နု၏ ရည်းစားစကားမှာ ဆန်းသည်။ တခြားလုံမတွေလို 'အသစ်တွေ့ရင် အချစ်ကို မမေ့ပါနှင့်'ဟု ကျော်မောင်ကို မမှာ။ ကျော်မောင်လို အတွင်းသိအစင်းသိ မနောဖြူအူစင်း ယောကျာ်းကောင်းတစ်ယောက်ကို မှာကြားရန်မလို။ နုယုံကြည်သည်။ ထို့ကြောင့်ပင် အချစ်ရေးဖောက်ပြန်မှုကို မစိုးရိမ်။ အိမ်ထောင်ရေးသာယာမှုအတွက်သာ တွေးပူသည်။ ဟုတ်သည်။ နုယုံကြည်ချက်အတိုင်းလည်း ကျော်မောင်ကိုစိတ်ချရသည်။ လူချမ်းသာကြီးမဟုတ်ပေမဲ့၊ ပညာတတ်ကြီးမဟုတ်ပေမဲ့ ကျော်မောင်ဟာဖြင့် သစ္စာရှိသည်၊ ကတိတည်သည်။ သေသော်တည့်မှ နုကို စွန့်လွှတ်မည်ဖြစ်သည်။

"နု မပျော်ဘူးလားဟင်၊ ကျုပ်တော့ ဝမ်းလည်းသာ၊ ပျော်လည်းပျော်"

ပီတိတွေ အပြည့်လျှမ်းသော အသံဖြင့် ကျော်မောင်က နုကို မေးလေသည်။ နုသည် လက်ဖနောင့်ဖြင့် ကျော်မောင်၏ ရင်ဘတ်ကို ထုရင်း တွန်းပစ်လိုက်ကာ ရှက်စနိုးအသံကလေး ရောနှောပါဝင်သည့် ဆည်းလည်းလှုပ်သံလို သာယာစွာ ပြန်ပြောသည်။

"နုလည်း ကိုကျော်မောင်လိုပေါ့...လို့"

* * *

နုအမေ တော်တော်နေဆိုးနေသည်။ အိပ်ရာထဲက

www.burmeseclassic.com

www.burmeseclassic.com



မထနိုင်အောင် အဖျားတက်၍ တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်နေသည်။ နုသည်သူ့အမေကို ဂရုတစိုက်ကြိုးကြိုးစားစား ပြုစုနေသည်။ ပြုစုသည်ဆိုရာ၌ ဆေးဝါးတွေ အပြည့်အစုံနှင့် ကျကျနန ကုသပြုစုသည်မဟုတ်။ ခြေဆုပ်လက်နယ်ပြုရင်း ရေနွေးနှင့် ထုံးဆနွင်းကိုသာ ဖျော်၍တိုက်ရသည်။ သည်လောက် ဆေးကလေးများ ရောဂါက ဖြုံတောင်မဖြုံ။ ခုမှဖြစ်သည့် ရောဂါမဟုတ်။ လပေါင်းနှစ်ပေါင်း ကြာမြင့်လှပြီ။ ရောဂါရင့်လှပြီ။ ဆရာကောင်း၊ သမားကောင်း၊ ဆေးကောင်းဝါးကောင်းတွေနှင့် ထိထိရောက်ရောက် ကုသမှ ခက်ခက်ခဲခဲ ပျောက်မည့်ရောဂါဖြစ်သည်။

သည်ရောဂါ ပျောက်ချင်ပါသည်။ သည်လိုကုသမှလည်း ပျောက်ကင်းမည်ဟု သိပါသည်။ သို့ပေမဲ့ သည်လိုကုသဖို့က ငွေကို အများကြီးရှိမှဖြစ်ပါမည်။ အစစအရာရာ ကုန်တွေရှားပါး၊ ကုန်ဈေးတွေ တက်နေရာတွင် ဆရာသမား၊ ဆေးဝါးဈေးမှာလည်း အလွန်တရာကို ကြီးမြင့်နေပါသည်။ နုတို့လို ဆင်းရဲသားတွေ နေထိုင်မကောင်းဖြစ်လျှင်ဖြင့် ဆရာသမားပင့်၍ ဆေးဝါးမကုသနိုင်၊ ရောဂါငယ်ငယ်ဆိုလျှင် ကြီးပေရော။ ရောဂါကြီးကြီးဆိုလျှင်လည်း သေဖို့သာပြင်ရော့။

နုသည် အတော်ဝမ်းနည်း အားငယ်နေသည်။ ပုလဲဥသဖွယ် မျက်ရည်စုတို့သည် ပါးပြင်နုနုပေါ်သို့ တအိအိလိမ့်ဆင်းလာတော့သည်။ သူ့ဘဝအဖြစ်မှာ ဆိုးဝါးလွန်းလှသည်။ လောကဓံတရားကြီးသည် တကယ်ဆိုတော့ နုလိုစိတ်ကောင်းနှလုံးကောင်းရှိသူ၊ အလုပ်ကောင်းလုပ်သူ၊ ကျေးဇူးသိတတ်သူ၊ နုနယ်ပျိုမြစ် ချစ်စရာကောင်းသူကလေးတစ်ယောက်ကိုတော့ သနားဖို့၊ သက်ညှာဖို့ ကောင်းပါသည်။ ခုတော့ နုမှာဖြင့် မသေရုံစား၊ မအားအောင်လုပ်နှင့် အပတ်ကို ဆင်းရဲလှပါပေသည်။ သေလုမြောပါး နေထိုင်မကောင်းဖြစ်လျှက်နှင့်မှ ဆရာသမားမပင့်နိုင်၊ ဆေးဝါးမကုသနိုင်။

"နုရေ"

ခေါ်သံနှင့် မရှေးမနှောင်းပင် တဲအတွင်းသို့ အသက် ၄၀ ကျော် မိန်းမကြီးတစ်ယောက် ဝင်လာလေသည်။

"ဩော် ဒေါ်သက် ထိုင်ပါ ထိုင်ပါ"

နုသည် ခုတင်ခြေရင်းဘက်သို့ ရွှေ့ထိုင်ရင်း ဒေါ်သက်အား နေရာထိုင်ခင်း ပေးလေသည်။ ဒေါ်သက်သည် ခေါင်းမြီးခြုံလျက် အိပ်နေသော နုအမေကိုကြည့်ရင်း ထိုင်လိုက်ကာ...

"နုအမေ နေမကောင်းပြန်ဘူးဟုတ်လား" ဟု ကြင်နာစွာ မေးမြန်းသည်။

"ဟုတ်တယ် ဒေါ်သက်ရယ်၊ အမေ့ရောဂါနဲ့တော့ စိတ်ကိုမကောင်းပါဘူး၊ ကနေ့လည်း အလုပ်မသွားနိုင်ဘူး၊ ခွင့်သွားပြောထားရတယ်။ စားဖို့သောက်ဖို့ကလည်း မပြည့်စုံနဲ့ ဒုက္ခပါပဲ" နုအသံမှာ တုန်တုန်ယင်ယင် ဖြစ်နေလေသည်။

"ဘာဆေးများကော တိုက်တုံးအေ့။ ဆရာမပင့်ဘူးလား။ ပေါ့ပေါ့ဆဆနေလို့ ဖြစ်တာမဟုတ်ဘူး။ သူ့ရောဂါက တာရှည်လှပြီ"

"ဆရာပင့်ဖို့ကလည်း ခက်သားပဲ ဒေါ်သက်ရယ်။ ဆရာတစ်ခါပင့်ရင် အနည်းဆုံး ခြေကြွခ ငါးဆယ်ခြောက်ဆယ်။ ဘယ့်နှယ်လုပ်မလဲ။ ဆရာတွေမှာလည်း ရှားရှားပါးပါး အဖိုးတန် ဖော်စပ်ထားရတာမို့ အလကားမကုနိုင်ဘူး"

စကားအဆုံးတွင် နုမှာ မျက်ရည်လည်လာ၍ မငိုမိအောင် အားတင်းကာ ရင်ထဲမှာ ဆို့တက်လာသည့် အပူလုံးကြီးကို ကြိတ်မှိတ်ချလိုက်ရသည်။ ဒေါ်သက်လည်း မချမ်းမြေ့သောအမူအရာဖြင့် တွေးတောငေးမောနေသည်။

"နု"

ဒေါ်သက်က ကြင်ကြင်နာနာဖြင့် ယုယုယယခေါ်လေသည်။

"ရှင် ... ဒေါ်သက်"

နုသည် ခွန်းတုံ့ရင်း မျက်နှာကို ငုံ့ထားရာမှ ဒေါ်သက်အား အားကိုးသော အမူအရာဖြင့် မော်၍ကြည့်လေသည်။

"နုကို သိပ်ပြီး ကူညီချင်တာပဲအေ၊ ဒါပေမဲ့ ငါတို့မှာလည်း သိတဲ့အတိုင်းပဲ လောက်ငရုံဆိုတော့ ခက်တာဘဲ။ တစ်ခုတော့ ရှိတယ်၊ နု ငွေရအောင်လေ"

"ဟုတ်ကဲ့ ပြောပါဦးရှင်"

နုသည် ငွေရအောင်လေဟူသော စကားလုံးကြောင့် အားတက်ထက်သန်စွာ မေးလိုက်သည်။

"ကနေ့ည ငါတို့နဲ့လိုက်ပြီးတော့ ရေနံထမ်းပါလား

www.burmeseclassic.com

www.burmeseclassic.com



ဟင်။ ချက်ချင်းငွေရအောင် ငါရောင်းပေးမယ်။ ရေနံတစ်ထမ်းဆိုရင် တစ်ရာ၊ တစ်ရာနှစ်ဆယ်လောက် ရတယ်အေ့"

နမှာ ငိုင်ကျသွားသည်။ ရာဇဝတ်မှုမကင်းသည့် သူခိုးအလုပ်။ အလွန်လျှင် စက်ဆုပ်ဖွယ်ကောင်းသည့် သူခိုးအလုပ်။ တမလွန်ဘဝတိုင်အောင် ကောင်းကျိုးမပေးမည့် သူခိုးအလုပ်။ နလို ပျိုမြစ်နုနယ်ချစ်စဖွယ် ကညာစင်ကလေးနှင့်များ လားလားမှမလျှော်။ ထို့ကြောင့်ပင် န မလုပ်ချင်။ ဒါပေမဲ့ နအမေကြီးမှာ အိပ်ရာထက်ဝယ် အကြီးအကျယ် ရောဂါဖိစီးနှိပ်စက်နေသည် မဟုတ်ပါလော။ ရာသီဥတုဒဏ်ကာကွယ်ရန် လုံလုံလောက်လောက်မရှိ၊ အာဟာရဓာတ်ဖြည့်စွမ်းရန် သင့်တင့်လျောက်ပတ်သော အစားအစာမရှိ။ ဆရာသမားပင့်၍မှ ဆေးဝါးမကုသနိုင်။

မတော်တဆများ ဆုံးပါးသွားရင်ဖြင့် နေ့စေ့ကံကုန် ဟုတ်မည်မထင်။ အာဟာရချို့တဲ့မှု၊ ဥတုဖောက်ပြန်မှုတို့ကြောင့် စိတ်ဓာတ်ပျက်ပြား ကံနည်းပါး၍ သေသည်သာ ဖြစ်လိမ့်မည်။ ဤသို့ဖြစ်ရသည်မှာ သေသေချာချာ စဉ်းစားကြည့်လိုက်တော့ ငွေမရှိလို့။ ငွေမရှိရသည့် အကြောင်းကိုတော့ အဘယ့်ကြောင့်ဟု နမသိတော့။ အမှန်အားဖြင့် ငွေမရှိသည်မှာ...။

"ဘယ့်နှယ်တုန်း န..."

ဒေါ်သက်သည် တွေးတောမှု လောကအတွင်းဝယ် သတိကင်းစင်နေသည့် နအား မေးလိုက်သည်။

"ဟုတ်တော့ ဟုတ်ပါရဲ့ ဒေါ်သက်ရယ်။ ဒါပေမဲ့ သူတစ်ပါးပစ္စည်းကို ပြစ်မှားရမယ်ဆိုတော့..." နစကားမှာ မဆုံးခင်မှာပင် ရပ်သွားသည်။

"အေးပေါ့ နရယ်။ တို့ဘာသာတရားနဲ့ မကင်းတာတော့ အသိသားပဲ။ ဒါပေမဲ့ န စဉ်းစားကြည့်လေ။ ဘယ်သူ မစားဘဲ၊ မဝတ်ဘဲ နေနိုင်မလဲ။ ရိုးရိုးမှတ်မှတ် လုပ်ကိုင်လို့ မစားလောက်၊ မဝတ်လောက်တော့လည်း မကောင်းမှန်းသိရက်နဲ့ လုပ်ရတော့ဟာပေါ့။ ငရဲနဲ့ဝမ်းစာ နီးရာကိုလှမ်းရတော့မှာပေါ့အေ။ ဘယ်တတ်နိုင်မလဲ"

ဒေါ်သက်စကားမှာ အကြွင်းမဲ့ မှန်ကန်လေသည်။ လူတိုင်းမှာ စားသောက်နေထိုင်မှုအတွက် ပထမဆုံး အရေးကြီးသည်။ လူတွေ ချမ်းမြေ့ကြည်ရွှင်ရန် ပန်းချီ၊ ပန်းပု၊ ကဗျာ၊ ဂီတ အစရှိသော သုခုမ အနုပညာရပ်တွေ စွမ်းစွမ်းတမံ လူ့လောကတိုးတက်မှု ဖြစ်ထွန်းစေမည့် လောကဓာတ်ပညာ အရပ်ရပ်တွေ ပေါင်းသင်းဆက်ဆံမှု၊ ယဉ်ကျေးမှု ဘာသာတရားတွေနှင့် ကျန်းမာရေး၊ ပညာရေး၊ ကြီးပွားရေးတွေကို လိုက်စားလေ့လာဆည်းပူးနိုင်ရေးမှာ (စားသောက်နေထိုင်မှု စီးပွားရေး) အခြေခံ အုတ်မြစ်ပေါ်၌ တည်သည်။ စားသောက်နေထိုင်မှု အခြေခံအောက်ပိုင်း မတောင့်တင်း မခိုင်မာလျှင် လူ့လောကကျက်သရေဆောင် အထက်ဖော်ပြခဲ့သော တိုးတက်မှုတွေ မထွန်းကား မဖွံ့ဖြိုးနိုင်။

"သိပ်ခက်တာပဲ ဒေါ်သက်ရယ်။ မရှိဆင်းရဲတော့ ကောင်းကောင်းမွန်မွန် နေချင်လို့လည်း မနေရဘူးနော်။ အကျင့်စာရိတ္တတွေ ပျက်စီးကုန်ရတာပဲ" နသည် မျက်ရည်လယ်လယ် အားငယ်ငယ်နှင့် ဝမ်းနည်းကြေကွဲစွာ တစ်လုံးချင်း ငြိမ့်လေးစွာပြောသည်။

"ကံအကြောင်း မသင့်တော့ ဒီလိုပေါ့နရယ်၊ အားမငယ်ပါနဲ့၊ ကဲ ငါပြန်ဦးမယ်၊ ညကျတော့ ဝင်ခေါ်မယ်နော် န အသင့်ပြင်ထား ကြားလား"

တစ်လှမ်းချင်းထွက်သွားသော ဒေါ်သက်၏ ကျောပြင်ကို အဓိပ္ပာယ်ကင်းမဲ့စွာ ငေးစိုက်ကြည့်ရင်း န ကျန်ရစ်ခဲ့သည်။

* * *

နသည် သူ၏ဘဝကို စိတ်နာသည်။ ထို့ပြင်မက အလွန်တရာမှလည်း စက်ဆုပ်ရွံရှာမိသည်။ အပြစ်ကင်းစင်သော ချစ်ချင်စဖွယ် လုံမပျိုကလေးတစ်ဦးအဖြစ်မှ ကြီးလေးသည့် ရာဇဝတ်မှုကြီး၊ ဆိုးဝါးသည့် ဒုစရိုက်မှုကြီးကို ကျူးလွန်ထားသော မသူတော်မကလေး သို့မဟုတ် သူခိုးမကလေးဘဝသို့ ရောက်ခဲ့ပြီ။ သူမ၏ ပခုံးထက်မှ ထမ်းပိုး (တပိုး)၏ ဟိုဘက်သည်ဘက် အစွန်းများတွင် ရေနံစိမ်းအပြည့်နှင့် လေးဂါလံဝင်ပုံးတစ်ပုံးစီ ဟီးလေးခိုလျက် ဟိုဘက်သည်ဘက် ယိမ်းနွဲ့လှုပ်ရှားကစားမြူးထူးရင်း လိုက်ပါလာသည်။ ရေနံစိမ်းမှာ တော်တော်ကို နှစ်နှစ်ကာကာလေးလံသည်။ နပခုံးတွေမှာ ကျိန်းလှနာလှပြီ။ နာလျက်ကျိန်းလျက်နှင့်ပင် တစ်ဖက်မှ တစ်ဖက်သို့ ပြောင်းကာလဲကာ ထမ်းရသည်။ လမင်းမှာ ထိန်ထိန်ဝါဝါကြီး သာယာလျက်ဖြစ်သည်။ ထို့ကြောင့်ပင် လောကဓာတ်ကြီးတစ်ခုလုံးမှာ နှစ်လိုဖွယ်ရာ ချမ်းမြေ့စွာ တည်ရှိလေသည်။ လေ

www.burmeseclassic.com

www.burmeseclassic.com



အေးသည် လရောင်ဝါ၏ ချမ်းမြေ့မှုကို ဖြည့်တင်းပေးလေသည်။ အမှန်ဆိုတော့ သဘာဝဖန်တီးမှုကြောင့် သည်ညဟာဖြင့် အလွန်ကို သာယာသည်၊ အေးချမ်းသည်၊ ရွှင်လန်းစရာ ကောင်းလှသည်။

နုနယ်ဖူးပြင်မှာ ဆီးကင်းကလေးတွေလို ချွေးစို့နေသည်။ သည်ချွေးမှာ လုပင်ပန်းခြင်းသက်သက်ကြောင့် ထွက်လာသည်မဟုတ်။ စိတ်ဆင်းရဲမှုလည်း ရောနှောပါဝင်လျက်ဖြစ်သည်။ နုမှာ တော်တော်လည်း ထိတ်လန့်တုန်လှုပ်နေသည်။ သူမ ထိတ်လန့်တုန်လှုပ်ခြင်းမှာ လောလောဆယ် ရာဇဝတ်ဘေးအတွက်သာမဟုတ်။ ရေနံတည်းဟူသော ခမိယလဒ္ဒ မစင်ကြယ်သောဝတ္ထုပစ္စည်းအတွက်ပင် အပြစ်ကင်းစင်သော ဖြူဖြူလွှင်လွှင် ဘဝကလေးတွင် ဧရာမ အစွန်းအထင်း အမည်းကွက်ကြီး ငြိတွယ်စွန်းထင်းလေပြီ မဟုတ်ပါလော။ ဤသည်အတွက် နုသည် ကိုယ့်လိပ်ပြာကိုမလုံ၊ ရှက်ကြောက်သည်။ စိုးရွံ့တုန်လှုပ်တော့သည်။

"နုရေ ခပ်သုတ်သုတ်ကလေးလာဟေ့။ ရေနံမြေထဲကလွတ်မှ စိတ်ချရတာ" ဒေါ်သက်သည် သူ့နောက် ဝါးတစ်ပြန်လောက်မှ တုန်တုန်ချိချိနှင့်လာနေသော နုကို လေသံ ခပ်အုပ်အုပ်နှင့် ပြောလေသည်။

"ဟုတ်ကဲ့ ဒေါ်သက် သွားသာသွားပါ။ လမ်းတွေကလည်း ဆိုးလိုက်တာလွန်ရော" နုကလည်း ဒေါ်သက်လိုပင် အသံအုပ်၍ ပြောသည်။

နုပြောသည်မှာ ဟုတ်သည်။ လမ်းတွေမှာ အလွန်တရာကို ဆိုးလွန်းသည်။ ချိုင့်ဝှမ်းတွေ၊ ချောင်းမြောင်းတွေ၊ တောင်စောင်း ကမ္ဘားရံတွေမှာ ဆင်းလိုက်တက်လိုက်သွားရသည်။ ခလုတ်ကန်သင်း ချိုင့်တွေ ခွက်တွေ ပေါလှသည်။ စစ်မဖြစ်ခင်က ဖောက်လုပ်ထားသော လမ်းများမှာပင် အပြုအပြင်မရှိ၍ ပျက်စီးချွတ်ယွင်း အသွားအလာခက်ခဲနေရာ နုတို့လမ်းမှာ ရေနံသယ်ယူသူတွေ သတ်မှတ်ထားသည့် လျှို့ဝှက်လမ်းဖြစ်သည်မို့ မည်မျှဆိုးဝါးမည်ကို ခန့်မှန်းနိုင်ပေမည်။

နုမှာ အလုပ်ကြမ်းလုပ်သူဆိုပေမဲ့ သည်လောက်အထိတော့ အဆင်းရဲအပင်ပန်းမခံနိုင်။ ရေနံစိမ်းအပြည့်ပါသော သံပုံးနှစ်ပုံးကို ထမ်း၍ အဆင်းအတက် လမ်းဆိုးလမ်းကြမ်းတွင် မနားမနေ နှစ်ဖာလုံကျော်ကျော်လောက် လာခဲ့ရပြီး သည်နေရာကနေပြီး အိမ်ရောက်ဖို့ဆိုရင် တစ်မိုင်ကျော်ကျော်လောက် လိုသေးသည်။ ရေနံမြေနယ်နိမိတ်ကလွတ်မှ စိတ်ချရသည်၊ နားရမည်ဟု ဒေါ်သက်ပြောပြထားသည်။ သည်လိုဆိုလျှင် သုံးဖာလုံလောက် မနားဘဲ ဆက်သွားရဦးမည်။ သုံးဖာလုံ ဟိုဘက်ရောက်မှ ရေနံမြေအပြင်ရောက်မည်။ နုမှာ ပခုံးများတွင်ပင်မက ခြေထောက်များပါ တိုက်မိခိုက်မိ ပွဲ့ရွဲ့ကာ နာကျင်ကိုက်ခဲလာသည်။ တစ်ကိုယ်လုံးလည်း ဘေးတွေနံတွေ အောင့်လာသည်။ ပြင်းပြင်းထန်ထန် အရိုက်ခံထားရသူ ဝေဒနာမျိုးနှင့်တူသည်။ ကြိတ်လို့သာ ခံရသည် နည်းနည်းမှမဟန်ချင်။ ခြေပစ်လက်ပစ် ထိုင်ပြီး ဟစ်၍သာ ငိုလိုက်ချင်သည်။

"ဟေ့ မပြေးကြနဲ့ အကုန်လုံးချလိုက်" ကျားဟိန်းသံတမျှ ဆိုးဝါးလှသော အသံနှင့် မရှေးမနှောင်း ဓားလုံကိုယ်စီ ဆွဲကိုင်ထားသည့် လူ ၆ ယောက် နုတို့၏ ရှေ့မှလည်းကောင်း၊ ဘေးတစ်ဖက်တစ်ချက်မှလည်းကောင်း ဘွားခနဲ ပေါ်ပေါက်လာကြသည်။ နုတို့မှာ တချို့က ရေနံအထမ်းတွေကို လန့်ဖျပ်၍ လွှတ်ချပစ်ကြလျက် တချို့က ယောင်ယမ်းကာ ကြောင်တက်တက်နှင့် မှင်တက်မိငေးနေကြသည်။ ရေနံမြေပုလိပ်များက တစ်ဟုန်တည်း ချဉ်းကပ်လာကာ နီးရာနီးရာလူတွေကို ထိုးကြိတ်ရိုက်ပုတ် ကန်ကြောက် ပြုတော့သည်။ နုတို့ လူစုမှာ ယောကျ်ားကြီးသုံးယောက်၊ မိန်းမကြီးသုံးယောက်နှင့် နုတစ်ယောက်အားလုံးပေါင်း ခုနစ်ယောက် ဖြစ်လေသည်။

"ချမ်းသာပေးပါ လူလေးတို့ရယ်၊ အဒေါ်တို့ စားစရာ မရှိလို့ လုပ်ရတာပါ။ နောက်မလုပ်ပါဘူး" မိန်းမကြီးတွေက တုန်တုန်ယင်ယင် ကြောက်ကြောက်လန့်လန့်နှင့် ပုဆစ်တုပ်ထိုင်ကာ လက်ယှက်တောင်းပန်လေသည်။

"အောင်မာ၊ ကမြင်းမကြီးတွေ ခိုးတုန်းက ခိုးပြီးတော့ ဘာခုမှ ကြောက်နေရတာတုန်း ဟင်" ကိုရွှေရေနံမြေပုလိပ်စကားအဆုံးတွင် "အွတ်"ခနဲ ကျောပြင်ပေါ်သို့ ဖနောင့်တင်လိုက်သည့် အသံထွက်လာပေသည်။

"အမယ်လေး... သေပါပြီ ရှိကြီးခိုးပါရဲ့။ လူကလေးရယ်။ ဒီတစ်ခါ ချမ်းသာပေးပါ"

"ဟေ့ကောင်တွေ လက်ချင်းပူးပြီး အကုန်လုံး ကြိုးနဲ့ချည်ဟေ့။ ရုံးကိုပို့မယ်"

အာနာရှာနာသံတွေ၊ ငိုသံယိုသံတွေ၊ ဆွဲသံရုန်းသံတွေ၊ ရိုက်သံနှက်သံ၊ ထိုးသံကြိတ်သံ၊ ကန်သံကြောက်သံ

www.burmeseclassic.com

www.burmeseclassic.com



တွေ သံစုံကြူး၍ ထွက်လာသည်။ သာယာချမ်းမြေ့သော သဘာဝတရားကို ပြက်ရယ်ပြုသည်နှင့် အရွဲ့တိုက်သည်နှင့် တူသည်။ ရေနံမြေပုလိပ်တွေမှာ ဘီလူးကဲ့သို့ ကြမ်းကြုတ်ရက်စက်သော အသွင်ကို ဆောင်ကြလေသည်။ အမှန်ကတော့ သူတို့တာဝန်မှာ သူခိုးတွေ့လျှင် ဖမ်းဆီးပို့ဆောင်ရုံဖြစ်သည်။ သို့ပေမင့် သူတို့က ဤမျှနှင့် မရောင့်ရဲ မတင်းတိမ် ရက်ရက်စက်စက် ရိုက်နှက်ညှင်းဆဲချင်ကြသည်။ အမျိုးသားအချင်းချင်း ရိုင်းပင်းမှု နားမလည်။

"အမယ် ဒီသူငယ်မကလေးက လှက လှပါဘိသနဲ့။ သနားစရာကလေးပါလား"

တစ်ယောက်စီ လက်ချင်းပူး၍ ကြိုးနှင့်တုပ်နေသော ရေနံမြေပုလိပ်တစ်ယောက်က သရော်သံနှင့် အာကျယ်ကျယ် ပြောလိုက်လေသည်။ အခြားရေနံမြေပုလိပ်များသည် အညှီနံ့ရသော ယင်ကောင်တွေလို နုဆီသို့ ဝိုင်းအုံသွားကြသည်။

"ဟာ... ဟုတ်ပါရဲ့ သနားစရာကလေးပါကွာ၊ ကြိုးနဲ့ မတုပ်ပါနဲ့"

"သူ့တော့ သနားပါတယ်ကွာ၊ ဂျပန်ဆီ မပို့ပါနဲ့။ ထားခဲ့ပါ၊ ဟဲ... ဟဲ... ဟဲ"

သူတို့အသံတွေမှာ နားကြားပြင်းကပ်စရာကောင်းလှသည်။ အမင်္ဂလာအသံများနှင့်တူသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အသံ ကြားရသူများမှာ အလိုအလျောက်ပင် စိတ်မချမ်းမြေ့ကြ။ နုမှာ သူတို့အလယ်တွင် မျက်လုံးကလေး ကလယ်လယ်နှင့် ဟိုလူကြည့်၊ သည်လူကြည့် လူမိသည့် ငှက်ငယ်လို ရင်ဖိုနေသည်။ ကြောက်နေသည်။ ဘယ့်နှယ် ရင်မဖိုဘဲ မကြောက်ဘဲ နေပါ့မလား၊ သူတို့ကြည့်လိုက်တဲ့ မျက်လုံးတွေက လူထဲပဲ ဖောက်ထွင်းသွားတော့မလောက် စူးရှသည်။ အရောင်လက်၍ အခိုးထွက်နေသည်။

"ချမ်းသာပေးကြပါ အစ်ကိုကြီးတို့ရယ်။ ကျွန်မ တစ်ခါမှ မလိုက်ဖူးပါဘူး၊ ခုတစ်ခါသာ အမေက နေမကောင်း၊ ဆေးဝါးကုစရာမရှိမို့ လိုက်မိတာပါ။ ချမ်းသာပေးပါ"

"ဟဲ... ဟဲ မကြောက်ပါနဲ့ကွယ်၊ ဂျပန်ဆီမပို့ပါဘူး၊ အစ်ကိုကြီးတို့က ချမ်းသာပေးရုံတောင် မကပါဘူး ဟီး... ဟီး"

အကြီးအကဲနှင့်တူသူက စပ်ဖြဲဖြဲ ပြောင်ချော်ချော် မျက်နှာနှင့် ပြန်ပြောသည်။ သူ့စကားမှာ နုကို ပိသာလေးနှင့် ဘေးထုသလို ဖြစ်သည်။

"ဟေ့... မင်းတို့သုံးယောက် အဲဒီလူတွေကို ရုံးသွားပို့ချေဟေ့။ ငါတို့ ဒီနေရာက စောင့်နေမယ်။ မာစတာကမေးရင် ကင်းလှည့်နေတယ်လို့ပြောလိုက်။ ဟုတ်လား" အကြီးအကဲလုပ်သူက စီမံခန့်ခွဲ ခိုင်းစေလေသည်။

"ဟာ... ဆရာ ကျွန်တော်တို့ ခုသွားပို့ရမှာလား၊ နောက်ပြီးမှ သွားပို့ရင် မကောင်းဘူးလား... အဟီး" တပည့်လုပ်သူက နုကို သရေကျကြည့်ရင်း ပြန်ပြောသည်။

"အိုကွာ... သွားသာပို့ချေပါဦး။ ဘယ်လောက် ကြာတာမှတ်လို့။ တစ်ညလုံး အချိန်တွေ အများကြီးရှိပါသေးတယ်ကွ။ ကုန်သွားမယ့် ပစ္စည်းမဟုတ်ပါဘူး" ဘယ်သူ့မှ ရှက်ရကြောက်ရ အားနာရမှန်းမသိ သူတို့မင်း၊ သူတို့ချင်း ပြောချင်ပြော လုပ်ချင်ရာလုပ် အရမ်းမဲ့ ဖြစ်ချင်တိုင်း ဖြစ်နေလေသည်။ ရေနံမြေပုလိပ်သုံးယောက်က ကြိုးတန်းလန်းနှင့် လူခြောက်ဦးကို နွားအုပ်နှင်သလို မောင်းနှင် ခေါ်ဆောင်သွားသည်။

"လာဟေ့... သူငယ်မ အလကား အချိန်တွေ ကုန်သွားမယ်" ခေါင်းဆောင်လုပ်သူက ပြောပြောဆိုဆို နုလက်ကို ဆွဲသည်။

"အို"

နုသည် ထိတ်လန့်တကြား အော်လိုက်ရင်း ဆောင့်ရုန်းလိုက်သည်။ နု တော်တော်ကို ရှက်သည်။ မကြားဝံ့မနာသာတွေ ပြော၍ မတော်တရော် လုပ်ခံရသည်မှာ သူလိုနုနုနယ်နယ် အပျိုအရွယ်ကလေးအတွက် အဘယ်မျှ ဆိုးရွားသနည်း။

"ဟဲ... ဟဲ အလကားပင်ပန်းအောင် ရုန်းမနေပါနဲ့ကွာ။ အေးအေးလိုက်ခဲ့စမ်းပါ"

"အို... လွှတ်... လွှတ် ရှင်တို့ ခွေးလိုမလုပ်နဲ့။ သတ်ချင်သတ်ပစ်လိုက်" နုသည် ကြောက်ကြောက်လန့်လန့်နှင့် ခါးခါးသီး ငြင်းဆန်ရုန်းကန်၍ ရေနံမြေပုလိပ်ကလည်း ဇွတ်အတင်းပင် ကြမ်းကြမ်းတမ်းတမ်း ဆွဲခေါ်နေလေရာ နှစ်ယောက်သား ဆွဲလားရုန်းလား ဝရုန်းသုန်းကား ဖြစ်နေသည်။ အခြားနှစ်ယောက်ကား နုတို့အဖြစ်ကို ကြည့်လျက် ကျေနပ်စွာ သွားဖြီးရယ်မောနေသည်။ နောက်ဆုံးတွင် ရေနံ

www.burmeseclassic.com

www.burmeseclassic.com



မြေပုလိပ်က နုကို အတင်းပွေ့၍ ချုံကွယ်တစ်ဘက်သို့ ယူဆောင်သွားသည်။

"ရှင် ခွေးကျင့်ခွေးကြံ မလုပ်နဲ့။ အို... ဘယ်လိုလုလဲ"

"ဟဲ...ဟဲ... ချစ်လွန်းလို့ပါကွာ၊ မရုန်းပါနဲ့၊ လိမ္မာသားနဲ့ အဟီး"

ဆွဲသံ၊ ရုန်းသံ၊ လူပ်ရှားသံတွေနောက်တွင် နု၏ ငိုရှိုက်သံသည် 'တဟင့်...ဟင့်' ထွက်ပေါ်လာသည်။ နားစွင့်လျက် စောင့်နေသူ နှစ်ဦးမှာ ဂနာမငြိမ်၊ အူမြူးလှုပ်ရှားနေသည်။

ကောင်းကင်မှ တာရာကလေးများသည် နု၏ ကြေကွဲဖွယ် ဇာတ်လမ်းကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ဆွေးမြေ့စွာ ကြည့်နေကြသည်။ ပုစဉ်းရင်ကွဲနှင့် ပုရစ်ကလေးတွေကလည်း တကျီကျီအော်မြည်လျက် ငိုနေကြပါသည်။ ရေနံတွင်းကြီးတွေကလည်း ထီးထီးကျန်ကျန် မားမားမတ်မတ်ရပ်လျက် ငေးနေသည်။ လေရူးသည် ခပ်ကြမ်းကြမ်းပြေးလွှားနေသည်။ သူ ပြေးရင်း လွှားရင်းကပင်လျှင် နုတို့ ချုံကွယ်ဘက်မှ အဝတ်တစ်ထည်ကို လိမ့်၍ လိမ့်၍ ဆွဲကာငင်ကာ ခေါ်ဆောင်လာသည်။ သေသေချာချာကြည့်လျှင် ဒီအဝတ်ကား အခြားမဟုတ်၊ နုဝတ်သည့် ချည်လုံချည်ကလေး...

တော်တော်ကိုကြာမှ ရေနံမြေပုလိပ်တော်မင်း ချုံကွယ်မှ ထွက်လာသည်။ သူ့မျက်နှာမှာ သားရေဖိနပ်ကို ရသည့် ခွေးကြီးထက်ပင် ကျေနပ်ရွှင်လန်းနေသေးသည်။

"ဘယ့်နှယ်လဲဆရာ" တပည့်နှစ်ယောက်က ပြိုင်တူမေးလေသည်။

"ဒီမြာမျိုးများတွေ့ရရင် သေပျော်ပါတယ်ကွာ။ အဟီး" လုံချည်ကို ပြင်ဝတ်ရင်း အားရပါးရ ပြောလေသည်။ စောင့်နေသူနှစ်ယောက်မှ တစ်ယောက်သည် နုရှိရာ ချုံကွယ်ဘက်သို့ သွက်သွက်လက်လက် ထပြေးသည်။

ရက်ရက်စက်စက် လုပ်ရက်လေသည်တကား။ နုမချင်းမှမစာနာ မညှာတာ မသနား။ နွားလိုကျင့်ရက်သည်။ သင်းတို့တတွေ တဒင်္ဂပဟန် စည်းစိမ်ခံစားမှုကလေးအတွက် တစ်ဖက်သားခမျာမှာ အဘယ်မျှနစ်နာလေသနည်း။ တကယ်ဆိုတော့ နုမှာ တကယ့်နုနုထွတ်ထွတ် အပျိုအရွယ်ကလေး။ အမိကျေးရွာကို သယ်ပိုးဆောင်ရွက်နေသည့် မိန်းမပြတ်ကလေး။ အခက်အခဲအသွယ်သွယ် ဒုက္ခအမျိုးမျိုး ပတ်ချာဝိုင်းနေသူကလေးတစ်ယောက်ပါတကား။ ဤမျှထောက်ထား ညှာတာစရာကောင်းသော နုအဖြစ်ကိုသိလျှင် အတီမျှရင်ထုမနာဖြစ်ရှာကြမည်နည်း။ အခြားသူတွေ ကရုဏာမိုးစွေကြပေမဲ့ သူတို့တတွေကတော့ စွေကြမှာမဟုတ်ပါ။ စားနေကျ ကြောင်ပါးတွေဖြစ်ပါသည်။ ရေနံမြေက ဆင်းရဲသားအလုပ်သမားတိုင်း ရိုးရိုးမှတ်မှတ် လုပ်ကိုင်၍ မစားလောက်မသောက်လောက် ဖြစ်နေသည်ကို လူတိုင်းမသိ။ ဒီအထဲမှာပဲ မသူတော် လူယုတ်မာတွေက နုရာဝဲစွဲ လဲရာသူခိုးထောင်းအဖြစ်မျိုး ရောက်အောင် ဖန်တီးပေးသေးသည်။

အချိန်အတော်ကလေး ကုန်သွားပြီ။

"ဟေ့ကောင်တွေ ပြန်လာကြပလားဟေ့... တယ်မြန်လှပါကလား" ခေါင်းဆောင်မာစတာသည် ပြန်လာသည့် တပည့်သုံးယောက်ကို ဆီး၍မေးလိုက်သည်။

"ဟုတ်ကဲ့ဆရာ ပြန်လာကြပြီ"

"မာစတာက ဘာမေးသေးလဲဟေ့..."

"ဘာမှထူးထူးထွေထွေ မမေးပါဘူးဆရာ... သတိနဲ့ ကောင်းကောင်းစောင့်ကြလို့ မှာလိုက်တာပဲ"

"အေးအေး... အဲ ဟိုမယ်ဟေ့ မင်းတို့အလှည့်ပဲ။ မင်းတို့တော့ သေသေချာချာ ဆွေမျိုးမေ့ကြရောပေါ့ကွာ"

နုကို မေးထိုးပြရင်း ရက်ရက်ရောရောကြီး ထိုးအပ်နေသည်။ ကျောက်ကျောရေပက်ထားသလို ပြောင်ချော်ချော် အမူအရာနှင့် သုံးယောက်သား တစ်ဦးကိုတစ်ဦး ကြည့်ကြသည်။ နောက်တွင် တိုင်ပင်ထားသလို နုအနားသို့ ဝိုင်းအုံချဉ်းကပ်ကာ ခွေးသေကောင် လင်းတထိုးသလို ဆွဲကြရမ်းကြသည်။ နုအဖို့ကား ငို၍လည်းအပို၊ တောင်းပန်၍လည်းမရ၊ ဟစ်အော်၍လည်း အချည်းနှီး။ သူတို့စော်ကားသမျှ နုရတော့သည်။ မြင်မကောင်း၊ ရှုမကောင်းသည့် နုနှင့်သူတို့တတွေသည် ချုံကွယ်၌ တိမ်မြုပ်သွားကြသည်။ နု၏ ငိုသံအော်သံသည်လည်းကောင်း၊ ရေနံမြေပုလိပ် သုံးယောက်၏ သဘောကျနှစ်ခြိုက်စွာညာ၍ ရယ်မောသံများသည်လည်းကောင်း တစ်လှည့်စီ ပေါ်လာသည်။

နုကား ရေတိမ်တွင် နစ်ချေပြီ။ မိန်းမတကာတို့၏ အဖိုးတန်အမွှန်မြတ်ဆုံးဖြစ်သည့် အပျို့ဂုဏ်ကို မစွန့်လွှတ်ချင်ဘဲနှင့် ပစ်ပစ်ခါခါ စွန့်လွှတ်လိုက်ရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရေနံမြေသည် မိုးတွင်းယာကွင်းနှင့်တူသည်။ ယာကွင်း၌ မိုးတွင်းမှာ မှိုတွေအရမ်းမဲ့ ပေါက်ရောက်နေသလို ရေနံမြေမှာလည်း ရေနံတွင်းတွေ အစီအရီ သည်တစ်တွင်း၊ ဟိုတစ်စု ဣန္ဒြေရရ တည်ငြိမ်စွာ ရပ်လျက်ရှိကြသည်။ လွတ်လပ်ခြင်း နေအရုဏ်ကို ရှေးရှုသည့် မိုးသောက်ယံ ကြယ်နီကြီး ထွက်ပေါ်ပြီး ကမ္ဘာကို အားသစ်လောင်းနေသည့် နံနက်ခင်းလေညှင်းသည်လည်း သင်းလိုက်ပြင်းလိုက်နှင့် အဆက်မပြတ်။ နု၏ဆံပင်... အင်္ကျီအဖျားနှင့် လုံချည်အနားသည် လေသင့်ရာဘက်သို့ တလွင့်လွင့်လိုက်နေကြသည်။ ပူနွေးသည့် မျက်ရည်စတို့သည် နု၏မျက်လုံးအစုံမှ ဒလဟော ကျဆင်းနေကြသည်။ သည်ကမ္ဘာမြေပြင်မှာ နုအချစ်ကြင်ဆုံး ကိုကျော်မောင်။ ချစ်စရာနောင်တစ်နေ့မှာဖြင့် ပျော်မွေ့အောင် ကိုကျော်မောင်နှင့် ဖွဲ့နှောင်ကာ မေတ္တာဆက်မည်ဟု နုအားခဲထားခဲ့သည်။ သို့ပေမဲ့ အချစ်ဘုံသောင် ခုံနန်းဆီသို့ ရည်မှန်းကာ ကူးစဉ်တွင်းမှာပင် လေပြင်းမုန်တိုင်း ကြုံလာဖျက်သည်မို့ ခက်မူ ပွေ၍ ပူဗျာဝေတော့သည်။ နုသည် ကျော်မောင်အချစ်ကို ဆက်ခံမယူလိုတော့။ ချစ်လျက်နှင့် ခွာတော့မည်ဟု ကြိုးကြိုးစားစား ဆုံးဖြတ်ထားလိုက်ပြီးပြီ။ လူရမ်းကားတစ်စုက သူ့ကို ပြုချင်တိုင်းပြုပြီးပြီ။ သူ့ကိုယ်မှာ မသန့်ရှင်း မစင်ကြယ်တော့၊ ကျော်မောင်လို လူကောင်းတစ်ယောက်ကို လှည့်စား၍မချစ်ရက်။

နုသည် ရေနံတွင်းအောက်သို့ ငုံ့ကြည့်သည်။ သို့သော် မှုန်မပြေအလင်းရောင်သည် မြင့်မားလှသည့် ရေနံတွင်းအောက်အထိကို မြင်အောင်မစွမ်းဆောင်နိုင်ပါ။ အမှောင်ထုမျက်နှာပြင်ကသာ နုကိုဆီး၍ မျက်နှာချင်းဆိုင်သည်။ မမြင်ရသောကြောင့် တော်တော့သည်။ မြင်သာမြင်ရလျှင် နက်ဝှမ်းသည့် ချောက်ကမ္ဘားအတွင်းမှ ကျောက်တုံးကျောက်ခဲ၊ သံတုံးသံခဲတွေကို အသည်းအူတုံလောက်အောင် တွေ့ရပေမည်။ နုသည် ဘုရားရှင်ကို မှန်း၍ ဝတ်ပြုသည်။

ဘဝသံသရာ ဖြစ်လေရာတွင် သည်အဖြစ်ဆိုးနှင့် ကင်းလွတ်ပါစေသား၊ လှိုက်လှဲသော ဆုတောင်းသံအဆုံး၌ နုသည် သူ့ကိုယ်သူ လေထုအတွင်းသို့ ပစ်ချလိုက်မည်အပြု "နု ... နု သမီးမရှိရင် အမေနေဖြစ်မလားဟင်... အမေနဲ့ နုမောင်ကို သေအောင်သတ်ပြီးမှ နုသည်လိုလုပ်ချင်လုပ်ပါတော့" နွမ်းနယ်ဖျော့တော့အားအင်ရော့လှစွာဖြင့် နုအမေ သဏ္ဌာန်သည် နု၏စိတ်အာရုံဝယ် ထင်မြင်လာကာ ကြေကွဲစရာ ပြောရှာသယောင်ယောင်...

နုသည် လေထုအတွင်းမှတစ်ဆင့် သေမင်းခံတွင်းဝသို့ ကျရောက်မသွားတော့။ နုက သေရမှာဖြင့် နည်းနည်းမှ မကြောက်မိ။ သည်ဒဏ်ရာဆိုးကြီးနှင့် အသက်ရှင်နေရခြင်းထက် သေမင်းလက်တွင်း ဆင်းရသည်က ကောင်းသေးသည်ဟု ယုံကြည်ထားသည်။ ဒါပေမဲ့ အားအင်ကုန်ခန်းပင်ပန်းနွမ်းနယ်စွာ အိပ်ရာထက်မှာ လဲနေသည့် ရောဂါသည် မိခင်၊ ပုလုကွေးလေး လူရေးလူစ ဘာတစ်ခုမှ မသိရှာသေးသည့် အကလေးမောင်ငယ်။ အသွယ်သွယ်သော သံယောဇဉ်ကြိုးတွေက အမျှင်မပြတ် မလှုပ်သာအောင် တုပ်နှောင်ထားသည်။ မြင့်မြင့်မားမား သည်ရေနံတွင်း ထိပ်ဖျားမှနုသည် တရွေ့ရွေ့ သက်ဆင်းလာသည်။ ရေနံတွင်းထိပ်ဖျားကို ယောကျ်ားတိုင်းတောင်မှ မတက်ဝံ့ကြ။ သို့ပေမဲ့ နုမှာတော့ စိတ်အားအလျောက် ထိပ်ဖျားပင်ရောက်ခဲ့သည်။ တစ်ကိုယ်စာ သံလှေကားကလေး တိတိကျကျကြီး မတ်စောက်စွာ တပ်ဆင်ထားရာ ကြောက်စရာကောင်းလွန်းသော်လည်း အဆုံးဘဝက နုက လားလားမျှမဖြုံ။

လေပြေအတွင်းမှ ခပ်ပြင်းပြင်းကြိုင်နေသော ရေနံအနံ့သည် နု၏နှာခေါင်းတွင်းသို့ ကျွမ်းပစ်၍ သက်ဆင်းသွားသည်။

* * *

"ကိုကျော်မောင်" လှိုက်လှဲစွာ ခေါ်လိုက်သော နုအသံကြောင့် ကျော်မောင်သည် ရုတ်တရက် လှည့်ကြည့်လိုက်ရာ မျက်ရည်လည်ရွဲနှင့် နုကို တဲဝ၌ ရပ်လျက် တွေ့ရသည်။

"အို... နု... လာလေ... ဘယ့်နှယ် မျက်နှာမကောင်းပါလား။ ဘာဖြစ်လာတုန်း... ဟင်... နု"

ကျော်မောင်သည် ပျာပျာသလဲပြောရင်း နု၏ မလှုပ်တလှုပ် အမူအရာကို အားမလိုအားမရဖြစ်လျက် ယုယစွာ လက်မောင်းကို ဆွဲကိုင်ခေါ်ငင်၍ ကွပ်ပျစ်ပေါ်တွင် ထိုင်စေသည်။

"နု ဘာဖြစ်လာတုန်း ဟင် ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျော်မောင် အမေးမှာ နုကို ငိုချင်ရက်လက်တို့ ဆိုသလိုဖြစ်စေသည်။ နုသည် ချုပ်တည်းထားရသမျှ အဆွေးနာကို အစွမ်းကုန်ဖွင့်ထုတ်လိုက်သည်။ ကျော်မောင့်ပေါင်ပေါ်သို့ မျက်နှာမှောက်ကာ လှိုက်လှိုက်လှဲလှဲ ငိုကျွေးတော့သည်။

"အို... နု... နု ဘာဖြစ်တာလဲ နုရဲ့။ ဘာလို့ ငိုရတာလဲဟင်... အဒေါ်... အဒေါ်"

ကျော်မောင် စိတ်ထဲမှာ နုအမေ ဆုံးသောကြောင့်ဟု ထင်သည်။ သို့သော် မမေးရက်သဖြင့် စကားထစ်နေလေသည်။

"မဟုတ်ဘူး ကိုကျော်မောင်၊ မဟုတ်ဘူး နုအမေ သေတာမဟုတ်ဘူး၊ နုသေတာ၊ နုရေတိမ်မှာ နစ်တာ"

နုသည် ခေါင်းမဖော်ဘဲ ပြင်းထန်စွာ ငိုရှိုက်ရင်းကပင် ပြောသည်။

အချိန်မှာ နံနက်ခင်း ၈ နာရီလောက် ဖြစ်သည်။ ကျော်မောင့်အမေနှင့် ညီကလေး ဈေးဝယ်သွားနေ၍ ကျော်မောင်တစ်ယောက်တည်း ရှိစဉ်ဖြစ်သည်။

"နု ဘယ့်နှယ်စကားတွေ ပြောနေတာလဲ။ ကျုပ်နားမလည်ပါလား။ ရှင်းရှင်းပြောလိုက်စမ်းပါနုရယ်။ ကျုပ်စိတ်ထဲမှာ အနေရခက်လွန်းလို့" ကျော်မောင်သည် နု၏ ပခုံးနှစ်ဖက်ကို မ၍ ထိုင်စေကာ မေးမြန်းသည်။ ကျော်မောင်မှာ အတော်စိတ်ဒုက္ခရောက်လျက် ထူပူနေသည်။ အသက်လောက်ချစ်သူ၏ သည်အဖြစ်မျိုးကို သည်လိုပဲ တွေ့ရလျှင် ကျော်မောင်အတိုင်းပဲ မည်သူမဆို ဖြစ်လိမ့်မည်။

"ကိုကျော်မောင် နုကို ချစ်တယ်နော်"

"မေးမှ မေးရက်ပလေတယ်နုရယ်၊ ကျုပ် နုအပေါ်မှာ ဘယ်လောက်တောင် ချစ်တယ်ဆိုတာ နုအသိသားနဲ့များ၊ ကျုပ်တော့ အံ့သြမဆုံးဘူး" ကျော်မောင်သည် တအံ့တသြပြောသည်။ နုကား တလှိုက်လှိုက်နှင့် ရှိုက်နေသည်။

"ကိုကျော်မောင် နုကို မချစ်နဲ့တော့။ မုန်းလိုက်၊ မုန်းလိုက်... နုဟာ အရင်ကလို ချစ်ဖို့မကောင်းတော့ဘူး" စိတ်ဖောက်ပြန်နေသူလို ချောက်ချားတုန်လှုပ်စွာ ပြောပြီးသည့်အဆုံး၌ နုသည် ကျော်မောင့်ရင်ခွင်တွင် မျက်နှာအပ်၍ အတင်းငိုတော့သည်။ ကျော်မောင်ကား ကြားလိုက်သည်ကိုပင် မယုံနိုင်။ နုက သူ့ကို နှစ်နှစ်ကာကာ ချစ်ခဲ့သည်ကို အသိ။ မည်သည့်နည်းနှင့်မျှ နုက မုန်းလိမ့်မည်မယူဆခဲ့။ သို့ပေမဲ့ ယခု နုစကားမှာ ထူးဆန်းလွန်းသည်။ ထူးဆန်းရုံမျှမက ကျော်မောင်အဖို့ ၂၄ လက်မ အမြောက်ကြီးနှင့် အပစ်ခံရသလိုလည်းဖြစ်သည်။

"ဘယ်လိုပြောတာလဲ နုရယ်။ ကျုပ်ကို ရှူးအောင်လုပ်နေတာလား။ ကျုပ်ဟာ နုကို ဘယ်တော့မှ မမုန်းဘူး။ နောင်ဘဝထိအောင် မမုန်းဘူး။ ကျုပ်အချစ်ကို နုက နှယ်နှယ်ရရ ပေါ့ပေါ့ဆဆ ထင်နေသလား ဟုတ်လား။ ကျုပ်နုကို ချစ်တဲ့ အချစ်ဟာ ပေါ့ပေါ့ဆဆမဟုတ်ဘူး၊ ဟောသလို တကယ့်အချစ် ဧရာမအချစ်"

ကျော်မောင်သည် ပြောပြောဆိုဆို နု၏ ကျော့ကျော့ရှင်းသော ခန္ဓာကိုယ်ကလေးကို တအားဖျစ်ညှစ်ပိုက်ထွေးကာ မျက်နှာတစ်ပြင်လုံးကို အတင်းနမ်းလေသည်။ နုမှာ ကျော်မောင့်ရင်ခွင်အတွင်းဝယ် မျက်နှာကလေး မော့မော့နှင့် ကော့ရရော့ဖြစ်နေသည်။

"လွှတ်လွှတ် ကိုကျော်မောင် လွှတ် အို ပြောမရဘူးလား လွှတ်ပါဆို။ ကဲ ဒါလောက်တောင် ပြောမရရင်" နုစကားအဆုံးမှာ ဖြန်းခနဲ အတော်ကလေး ပြင်းထန်သည့် အသံထွက်ပေါ်လာသည်။ ကျော်မောင်သည် နုကို ဖြည်းညင်းစွာလွှတ်၍ သူ့ဘယ်ဘက်ပါးကို ညာလက်နှင့်ပွတ်သပ်ရင်း ဝမ်းနည်းသော အသွင်ဖြင့် နုအားကြည့်နေသည်။ နုက တအားရိုက်ပေမဲ့ သည်လောက်တောင် မနာပါ။ သို့ပေမဲ့ နု၏ ပြုမူပုံ ရက်စက်လွန်းသဖြင့်သာ သူ့ပါးသူ ပွတ်သပ်မိခြင်း ဖြစ်သည်။

"နုရယ် ကိုယ့်ချစ်သူတစ်ယောက်ရဲ့ ဒီလောက်ကလေး အပြုအမူတောင်မှ သည်းမခံနိုင်ဘူးလားကွယ်" ကျော်မောင်အသံမှာ အတော်ကို စိတ်ထိခိုက်ရာမှ ပေါ်ထွက်လာသည့် အသံဖြစ်လေသည်။

"အို ကိုကျော်မောင် နုမှားပြီ၊ မှားပြီ။ နုစိတ်တွေဖောက်ပြန်ပြီး ဖြစ်ချင်ရာ ဖြစ်ကုန်ပြီ။ နုကို စိတ်မဆိုးပါနဲ့နော် ကိုကျော်မောင်၊ နုသေမှ အေးမှာပါ။ နုကို သေအောင်သတ်လိုက်စမ်းပါ။ ကိုကျော်မောင်ရယ်" နုသည် မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်၍ တရှုံ့ရှုံ့ ငိုကြွေးသည်။ ထို့ကြောင့် သူမ၏ နူးညံ့ပြည့်ဖြိုးသော ပခုံးကလေးနှစ်ခုမှာ နိမ့်တုံမြင့်တုံ လှုပ်ရှားနေသည်။ ပခုံးကလေးနှစ်ခုကို ကျော်မောင်က ညင်သာစွာဖက်ကိုင်ရင်း နုကို ရင်ခွင်ထဲသို့ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



သွင်းလိုက်သည်။

"ဘာဖြစ်တာလဲ နုရယ်၊ စိတ်မကောင်းအောင် မလုပ်ပါနဲ့။ တိတ်စမ်းပါ အလကား ငိုနေတယ်"

ကျော်မောင်သည် နုကို ကလေးချော့သလို ချော့ရင်း ပါးချင်းအပ်ထားသည်။ ခဏမျှမိန်းမောနေပြီးနောက် နုသည် ကျော်မောင့် ရင်ခွင်အတွင်းမှ ဖြည်းညှင်းစွာ ရုန်းထွက်လေသည်။

"နုကို မချစ်နဲ့တော့ ကိုကျော်မောင်ရယ်" နုအသံမှာ အားနည်းလှသည်။ "ဘာလို့မချစ်ရမှာလဲ နုရဲ့။ ချစ်မယ် ဒါထက်တောင် ပိုချစ်ဦးမယ်" ကျော်မောင်သည် အားမလိုအားမရသံကြီးဖြင့် ပြောလေသည်။

"မဟုတ်ဘူး ကိုကျော်မောင်၊ နုအကြောင်းကို ကိုကျော်မောင် မသိလို့ သိပ်ချစ်နေတာ။ သိရင် နည်းနည်းကလေးမှ ချစ်စရာကောင်းမှာ မဟုတ်ဘူးဆိုတာ ကိုကျော်မောင်သိမယ်။ နုလေ... နု... နုဟာ အရင်နဲ့မတူတော့ဘူး။ ညက... ညက" နုသည် အလွန်ကြေကွဲစရာကောင်းသော "တစ်ညတွင်" ဇာတ်လမ်းကို မချိတရိနှင့် စိတ်ဝေဒနာ အမျိုးမျိုးခံစားရင်း ပြောပြရှာသည်။

"ဟင်း... ခွေးမျိုးတွေ၊ ခွေးလိုကောင်တွေ၊ ကိုယ့်အမျိုးသမီးကလေးတစ်ယောက်ရယ်လို့ စောင့်ရှောက်မယ်၊ ကူညီမယ်မရှိဘူး၊ သူတို့ကိုယ်တိုင်က စော်ကားကြတယ်။ ဖျက်ဆီးကြတယ်"

နုစကားအဆုံးတွင် ကျော်မောင်၏ ဒေါသအိုးပေါက်ကွဲကာပြောလိုက်သည့်စကားဖြစ်သည်။ ကျော်မောင်သည် ခက်တရော်သောမျက်နှာဖြင့် အံကြိတ်လျက်သောင်းကျန်းဆူပူနေသည့် ဒေါသမှိုင်းအတွင်းဝယ် တွေဝေနေသည်။

နုကား ဖြေမဆည်နိုင်အောင် လွမ်းအားပိုလို့ ကြွယ်တော့သည်။

"နု... နု အားမငယ်ပါနဲ့ နုရယ်။ ဖြစ်ပြီးတာ ဘယ်တတ်နိုင်မလဲ၊ နုက လော်လီဖောက်ပြားလို့ ဖြစ်ရတာမှ မဟုတ်ဘဲ။ လောကကြီးကိုက မကောင်းလို့ ဖြစ်ရတာ။ ကျုပ်ဟာ နုကို မမုန်းဘူး။ ပိုချစ်တဲ့အပြင် သနားတောင် သနားသေးတယ်။ နောက်ပြီးတော့ ကျုပ်က နုကို ချစ်တာဟာ အပျိုဆိုတဲ့ ပညတ်ကလေးကို ချစ်တာမဟုတ်ဘူး။ အစစအရာရာ လိမ္မာသိတတ်တဲ့၊ မြင့်မြတ်တဲ့ စိတ်ဓာတ်ကိန်းအောင်းရှိတဲ့ မိန်းမမြတ်ကလေးတစ်ဦးအနေနဲ့ ချစ်တာ။ ကျုပ် နုကို ချစ်တာပဲ။ သတိလည်း သတိပါတယ်။ ကျုပ်သဘောထား မသေးပါဘူး။ တကယ့်ယောကျ်ား အစစ်ပါ။ ဒါကြောင့် ဖြစ်ပြီးသားကို နု မေ့လိုက်တော့။ နောက်ကိုသာ ဘာလုပ်လုပ် ကျုပ်ကိုတိုင်ပင်" ကျော်မောင်သည် တည်ငြိမ်သော အသံဖြင့် တကယ့်ကြည်ညိုဖွယ် ဆရာသမားကြီးတစ်ဦးကဲ့သို့ ပြောဆိုဆုံးမနေသည်။ သူပြောတဲ့ စကားအတိုင်းပင် သူသည် တကယ်ကို နုကို အချစ်မပြယ်။ ဟိုတုန်းက စင်စင်ကြယ်ကြယ်လိုပင် သဘောထားနိုင်သည်။ သို့သော် သူ့စိတ်နာချက်ကား အဆင်မပြေသော လောကနှင့် လူတန်းစေ့ရုံမျှ စိတ်ဓာတ်ကောင်းမရှိကြသောလူတွေ ဖြစ်သည်။

"နု မငိုပါနဲ့ကွယ် တိတ်ပါ။ ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့။ မေ့ပစ်လိုက်ပါ။ စိတ်ထဲမှာ စွဲထားရင် ဒုက္ခရောက်သထက် ရောက်မှာပေါ့"

"ကိုကျော်မောင် အချစ်မပြယ်ပေမဲ့ နုလက်မခံနိုင်ဘူး ကိုကျော်မောင်။ ကိုကျော်မောင် သဘောထားကြီးမှန်း၊ မေတ္တာစစ်နဲ့ အချစ်ကြီးမှန်း သိရလေလေ နုရဲ့မသန့်ရှင်း မစင်ကြယ်တဲ့ ဘဝကို မအပ်ရက်လေလေပဲ။ နုရဲ့ဘဝဟာ ကိုကျော်မောင်နဲ့ မထိုက်တန်တော့ဘူး" နု သည်အတိုင်းပဲ စွဲမြဲယုံကြည်ချက်ပြုထားသည်။ ကျော်မောင့်ကိုတော့ အသက်နှင့် ထပ်တူချစ်ပါသည်။ သို့ပေမဲ့ သေမပျောက်မည့် ဒဏ်ရာဆိုးကြီးကြောင့် ချစ်လျက်နှင့် ခွာရတော့မည်။

"အို... နုကလဲကွယ် ဒါလောက် အယူမသီးစမ်းပါနဲ့။ ဟောင်းဟောင်း သစ်သစ် အချစ်သာ ပဓာနပါ။ နု ကျုပ်ကို အရင်ကလိုပဲ ချစ်မယ်နော်။ မင်္ဂလာမရှိတဲ့ စကားတွေ မပြောနဲ့တော့ ဟုတ်လား" ကျော်မောင်သည် နု စိတ်ပြေပျောက်ချမ်းမြေ့စေရန် နှစ်သိမ့်ဖွယ်ပြောရင်း နုကို ညင်သာစွာဖက်၍ နဖူးပြင်ကလေးကို ကြူကြူမွှေးလိုက်သည်။ နုသည် ရုတ်တရက် ကျော်မောင်၏ ရင်ဘတ်ကို တွန်းချလိုက်ရာ ကျော်မောင်မှာ နောက်သို့ ယိမ်းယိုင်သွားသည်။ နုသည် လျင်မြန်ဖျတ်လတ်စွာ ကိုယ်ကိုမတ်မတ်ရပ်လိုက်သည်။ "ကိုကျော်မောင်ကို နုဟာ အသက်ထက်ချစ်တယ်။ ဒါပေမဲ့ နုတို့ကံမကောင်းလို့ ဒီဘဝမှာ ဒီတင်ပဲ ရပ်တော့။ ကိုကျော်မောင် နုအပေါ် အချစ်ဖြတ်လိုက်တော့" နုသည် ငိုသံပါပါ လှုပ်ရှားသောအသံဖြင့် ပြောပြောဆိုဆို တဲအပြင်သို့ ပြေးထွက်သွားလေသည်။ ကျော်မောင်သည် ရုတ်တ

www.burmeseclassic.com

www.burmeseclassic.com



ရက် ကြက်သေ ငေးမောနေရာက ထိတ်လန့်တကြားခေါ်လိုက်သည်။

"အို... နု... နု... ကျုပ်ပြောပြမယ်"

နုကား မကြားယောင်တကား။

* * *

"ကြံ့လေ – ဘုံဗွေ – ဆော်ထွေမှိုင်မိရင်းကံ–ကံငယ်ခေလို့သာ–ကြုံရလေခြင်း" နုစိတ်မှာ သည်အတိုင်းပဲဖြစ်သည်။ စိတ်ထဲမှာသာမဟုတ် နုဖြစ်စဉ်ကလည်း သည်အတိုင်းပါပဲ။ မင်းသားလုပ်သည့်နှစ်မှ သံဆန်းပေါ်သလို မလိုက်ချင်လိုက်ချင် မလွှဲသာလွန်း၍ တစ်ကြိမ်တည်း စွန့်စွန့်စားစား လိုက်ခဲ့မိသည်တွင်မှ ကံဆိုးလွန်းသည်။ နုကားမှောင်ထုအတွင်း ကျွမ်းပြန်ကျခဲ့သည်။ ဦးစောက်ကျွမ်းပြန်ကျသည်နှင့်အညီ ဒဏ်ရာကလည်း ပြင်းထန်ပါဘိတောင်း။ သေမှပင် ပျောက်မည့်ဒဏ်ရာဖြစ်ပါသည်။

ဖြေပါသော်လည်းမပြေနိုင်ဘဲနှင့် နုခမျာမှာ အသည်းကျွမ်းမျှ ပင်ပန်းရရှာသည်။ (ဒုက္ခဟူသည် လာသည့်အခါ၌ တစ်ဦးတည်း မလာတတ်၊ လမ်း၌တွေ့သမျှ အပေါင်းအဖော်ဒုက္ခတွေကိုပါ သိမ်းကျုံးခေါ်ငင်လာတတ်သည်) ဟု ဆရာကြီး ပီမိုးနင်းပြောခဲ့သည်မှာ တကယ်ဟုတ်လှသည်။ နုအဖြစ်က ထင်ထင်ရှားရှား သက်သေပြနေသည် မဟုတ်ပါလော။

နုအလုပ်ပျက်သည်မှာ သုံးလေးရက် ရှိသွားပြီ။ ငွေတစ်ပြားမှမရှိသည့်အထဲတွင် သူ့အမေက အလွန်နေဆိုး၍ စားစရာ၊ ဆေးကုစရာကလည်း လုံးလုံးမရှိ။ ဒီဒုက္ခဘေးဆိုးကြီးမှလွတ်ရန်မှာ ငွေရှိမှဖြစ်မည်။ နုအဖို့ ဘယ်က ငွေရမည်နည်း။ ခက်သည်၊ နငိုသည်။ နုလို နုနယ်ပျိုရွယ်သူကလေးတစ်ဦးသည် သည်လောက်ဆိုးဝါးသည့် အဖြစ်ဒဏ်ကို ဘယ်သို့ခံနိုင်ပါမည်နည်း။

နုသည် မျက်ရည်ပြည့်လျှံစွာဖြင့်ပင် အဝေးသို့ မျှော်ငေးနေသည်။ အဝေးရှိ ရေနံတွင်းကြီးတွေ ကျွန်ရေရ မတုန်လှုပ် ရပ်တည်နေနိုင်သလောက် နုစိတ်ကား မတည်ငြိမ်။ မိုးသားတိမ်လိပ်တွေ တရိပ်ရိပ် လှုပ်ရှားပြေးလွှားနေသည်နှင့်အမျှ သူ့စိတ်က ပြောင်းလဲနေသည်။ နုသည် ငွေရမှုကို စဉ်းစားနေသည်။ ငွေထုတ်မည်ကလည်း ခြောက်ရက်လောက် လိုသေးသည်။ ငွေရအောင်ဖြင့် ဘယ်လိုမှ မကြံတတ်။ ရသည့်နည်းနှင့် ရှာရအောင် လူကလည်း တစ်ခါသေဖူး၍ ပျဉ်ဖိုးနားလည်ခဲ့ပြီ။ ခက်သည်၊ ခက်သမှ အလွန်ပဲ ခက်ပါသည်။

နုသည် အစ်ကိုကြီးဟူသည့် နောက်ပိုးရှုးကြီး ကူလီခေါင်းကို အမှတ်ရလာသည်။ သူ့ဆီသွားပြောရလျှင် ငွေရမည်တော့မုချ။ သို့ပေမဲ့ စိတ်ဓာတ်မရိုးသားသူဖြစ်၍ စိတ်မချရ။ နုသည် ရီဝေနေသည်။ သွားသင့် မသွားသင့် တွေးချင့်နေသည်။

"မမရေ... ထမင်းကျက်ပလား ကျွန်တော်ဆာလှပြီ"

နုမောင်သည် ဘယ်ကဆော့ကစားလာသည်မသိ၊ ချွေးတွေရွှဲရွှဲစိုလျက်နှင့်ပင် အမောမပြေသေးသံဖြင့် ပြောလေသည်။ ထိုစကားသည် နုအား မိုးကြိုးပစ်ခွင်းသလောက် တုန်လှုပ်စေသည်။ နုမောင်ကလေးမှာ မသိတတ်သေးသည့်အရွယ်။ စားချိန်ဆိုလျှင် စားချင်သည်။ အိပ်ချိန်ဆိုလျှင်၊ အိပ်၍ အားလပ်လျှင် ကစားမည်။

သည်ကလေးစားချိန်မှာစားဖို့၊ ဝတ်ချိန်မှာ ဝတ်ဖို့၊ ပျော်ရွှင်ချိန်မှာ ပျော်ရွှင်ဖို့နှင့် တစ်သက်လျာ တက်လမ်းအဖို့ ပညာသင်ကြားရေးမှာ အုပ်ထိန်းသူ တာဝန်ဖြစ်သည်။

"မောင်လေးရေ ထမင်းကြမ်းစားချည်ကွယ်။ ညစာဖို့ မမ အခုမှ ဈေးသွားမလို့ မောင်လေးထမင်းစားပြီးတော့ ဘယ်မှမလည်နဲ့နော် အမေ့အနားမှာနေကြားလား"

"ဟုတ်ကဲ့မမ"

သည်ထမင်းကြမ်းမှာ မနက်က နုမစား၍ ကျန်တော့သည်။ သို့မဟုတ်လျှင် နုမောင် စားရမည်မဟုတ် "လသာသာ အမင်္ဂလာ ညဆိုး" နောက်တွင် နု စိတ်ကြည်လင်မှု မရှိခဲ့။ အအိပ်ပျက်၊ အစားပျက်နှင့် စိတ်ပျက်လက်ပျက်ဖြစ်နေသည်။ ထို့ကြောင့်ပင် နုမှာ အနည်းငယ် ချုံးသွားသည်။ မျက်တွင်းကလေးချိုင့်၍ နားထင်ကျနေသည်။

နုသည် ကူလီခေါင်းအိမ်ဆီသို့ ထွက်ခဲ့သည်။ သွားရပေမဲ့ စိတ်ကတော့ ခပ်လေးလေး။ စိတ်လေးပေမဲ့လည်း မတတ်နိုင်။ ဘယ်ဒုက္ခမျိုးလာလာ ကျောပိုး၍ခံတော့မည်။ မခံ၍လည်းမဖြစ် စားသောက်နေထိုင်ရေးက ကြီးလေးပါဘိသည်။

နု ကူလီခေါင်းအိမ်အဝင်တွင် လူသုံးယောက် ယိမ်းထိုးဖက်တွဲရင်း သိုင်းကွက်နင်း၍ ထွက်လာသည်ကို တွေ့လိုက်ရသည်။ သူတို့ပါးစပ်တွေကလည်း ရောက်တတ်

www.burmeseclassic.com

www.burmeseclassic.com



ရာရာ ပြောနေကြသည်။

"ဟင် နုပါလား၊ လာလာ နု၊ ဘာကိစ္စရှိသလဲ" ကူလီခေါင်းသည် နုအား ဖော်ဖော်ရွေရွေ ဝမ်းသာအားရ ဖိတ်ခေါ်လေသည်။

"နုအမေ အတော်ဆိုးနေလို့ အစ်ကိုကြီး"

"ဩော် ... ဟုတ်လား၊ အလုပ်မဆင်းနိုင်သေးလို့ လာပြောတာလား၊ ကိစ္စမရှိပါလူး၊ နုမပြော ပြောပြော အစ်ကိုကြီး ရက်အပြည့်ထည့်ထားတယ်" နုစကားမှမဆုံးသေးခင် ကူလီခေါင်းက စေတနာဗရပွနှင့် ပြောသည်။

ကူလီခေါင်းအိမ်မှာ သူတစ်ယောက်တည်းရှိသည်။ သားမယားတွေမှာ လေကြောင်းရန်စိုးရိမ်၍ တောသို့ပို့ထားလျက် ငွေထုတ်ပြီးသောအခါတိုင်း ကူလီခေါင်းလိုက်သွား၍ ငွေပို့ရလေသည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်အစ်ကိုကြီး၊ နောက်ပြီးတော့..." နုသည် မပြောရဲသလို စကားဆက် ပြတ်သွားလေသည်။ သူ့မှာ ရှက်အမ်းအမ်းဖြစ်နေသည်။

"နောက်ပြီးတော့ ဘာလဲဟင် နု၊ ပြောလေ... အစ်ကိုကြီးကို ပြောပါ ဘာအားနာစရာရှိသလဲ"

ကူလီခေါင်းက စိတ်အားထက်သန်စွာဖြင့် မေးရင်းအားပေးစကားပြောလေသည်။ နုမှာ တစ်စုံတရာ အခက်အခဲတွေ့နေမည်။ ထိုအခက်အခဲအတွက် အကူအညီလို၍ လာခြင်းဖြစ်မည်ဟု ယူဆထားလိုက်သည်။ နု၏ အခက်အခဲကို ကူညီဖြေရှင်းပေးလိုက်ရလျှင် နုက အားနာကျေးဇူးတင်၍ လိုက်လျောပေမည်။

"ငွေ ၅ဝိ လောက် လိုနေလို့ အစ်ကိုကြီးရဲ့"

နုအသံမှာ ကြေကွဲတုန်လှုပ်စွာ ခပ်ဖြည်းဖြည်း ထွက်ပေါ်လာသည်။

"ဩော်... ရပါတယ် ရပါတယ်၊ ဘာဖြစ်ဖြစ် ပြောပေါ့နုရဲ့။ အစ်ကိုကြီး အမြဲကူညီမှာပေါ့" ကူလီခေါင်းသည် စကားအဆုံး၌ ထ၍ အတွင်းခန်းသို့ ဝင်သွားသည်။ တွေဝေရင်းပင် နု ကျန်ရစ်ခဲ့သည်။

"နုရေ ဟောဒီကိုလာပြီး သုံးရမယ့်အသစ်ကိုရွေးလှဲ့ပေတော့" ကူလီခေါင်းက အခန်းတွင်းမှ လှမ်းပြောရာ နု သည် မလွှဲသာသဖြင့် မရဲတရဲနှင့်ပင် လှမ်း၍သွားသည်။ နု အခန်းတွင်းသို့ရောက်သည်နှင့်တစ်ပြိုင်နက် တံခါးဝမှ ကူလီခေါင်းသည် တံခါးကို ဆွဲပိတ်လိုက်လေသည်။

"အို... ဘယ့်နှယ်လုပ်တာလဲ အစ်ကိုကြီးရဲ့။ တံခါးဖွင့်ပါ၊ နုကြောက်ပါတယ်"

နုသည် ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ယင်ယင်နှင့် ပြောပါသည်။

"နုကလည်းကွယ် ... ကြောက်စရာမဟုတ်ပါဘူး၊ အစ်ကိုကြီးက ချစ်လို့ဟာ နုသိရက်သားနဲ့ ဟဲ... ဟဲ"

"အို... အမေ့" ကူလီခေါင်းက ရုတ်တရက်ပွေ့ယူလိုက်သဖြင့် နု လန့်အော်လိုက်သည်။ ကူလီခေါင်းသည် ကာမဘီလူးစီး၍ နုအား အနီးရှိခုတင်ပေါ်သို့ အလိုက်သင့်တင်လိုက်သည်။

"နုကို သနားပါဦး အစ်ကိုကြီးရယ်၊ မလုပ်ပါနဲ့၊ ဖယ်ပါ... အို... ကြည့်ပါဦး"

"အစ်ကိုကြီးက သနားလွန်းလို့ပဲ နုရဲ့၊ နု ဆင်းရဲနေတာ မကြည့်ရက်လို့ပါနော်..."

နုသည် ရှိသမျှအားကုန်ကြိုးစားရုန်းကန်သော်လည်း မရနိုင်ပေ။ မိန်းမနှင့်ယောကျာ်း အင်အားချင်း မမျှတ။ ကူလီခေါင်းကား သက်ညှာရမှန်း မသိတတ်။ ခွေးကို မစင်မစားရန် သွန်သင်၍မရသလို ကူလီခေါင်းလို လူယုတ်မာမျိုးကိုလည်း မဖောက်ပြန်အောင်၊ တစ်ကိုယ်ကောင်းမကြံအောင် ပိတ်ပင်မရ။ ကူလီခေါင်းလို လူယုတ်မာမျိုးက အခွင့်အရေးရလျှင်ရသလောက် နည်းလမ်းရှိလျှင် ရှိသလောက် ဖောက်ပြန်သည်။ ကိုယ်ကျိုးရှာသည်။

နုသည် ကျဆင်းလုနီးနီး မျက်ရည်စုများကို အစွမ်းကုန် စိတ်တင်း၍ ထိန်းချုပ်ထားရသည်။ နုလက်ထဲ၌ ကူလီခေါင်းပေးလိုက်သော ဘုရားနီငါးဆူပါလာသည်။ ဒီငွေကလေးရဖို့ မည်မျှအနစ်နာခံခဲ့ရသနည်း။ ကူလီခေါင်းက နုကို ငွေ ၅ဝိ ပေးသည်။ ထို့အတွက် နုက ကူလီခေါင်းကို ပြန်၍ ကာမကိုပေးရသည်။ ငွေနှင့်ကာမ လဲယူရသည်။ ဒီလိုဖြင့် နုဟာ ဘာတန်ဖိုး ရှိတော့သနည်း။ နုကို မိန်းမကောင်းကလေးတစ်ယောက်ဟု ခေါ်နိုင်ပါမည်လား။

လူဦးရေ ၁၆ သန်းလောက်သာရှိသော်လည်း မြန်မာပြည်သည် ကမ္ဘာပေါ်မှာ ဆန်အထွက်ဆုံးနှင့် ကျွန်းသစ် ဒုတိယအပေါများဆုံးတိုင်းပြည်ဖြစ်သည်။ ရေနံနှင့် ကျောက်သံပတ္တမြား၊ ရွှေငွေ အထွေထွေအပြင် ပဲပြောင်း၊ ဝါဂွမ်းတွေလည်း အမြောက်အမြားထွက်သေးသည်။ သို့သော် နုနှင့် ဗမာလူထုကြီးမှာ ဆန်အပေါများဆုံး တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်ပေါ်၌ ထမင်းငတ်ကာ ကမ္ဘာတွင် ဒုတိယအကြီးမားဆုံး ကျွန်းတောကြီးကိုကြည့်ရင်း အိမ်မဲ့ယာမဲ့ ဖြစ်နေသည်။ နုနှင့်မြန်မာလူထုကြီး အစားငတ်အဝတ်မဲ့ နေစရာထိုင်စရာ အိမ်မရှိခြင်းတို့မှာ မြန်မာပြည်မြေကြီးက ထွက်ကုန်နည်းသောကြောင့် မဟုတ်ပေ။ ထွက်ကုန်အမြောက်အမြားကို အုပ်ချုပ်ပုံ၊ ဖြန့်ဝေပုံ၊ အသုံးပြုပုံ စနစ်မကျ၊ မမျှတ၍သာ ဖြစ်ချေသည်။ သည်လို စီးပွားပျက်ကပ်ကြီး ဆိုက်ရောက်မှုကြောင့်ပင် နုလို ကမ္ဘာ့သားကောင်း မိခင်လောင်း အမျိုးသမီးတွေ ပျက်စီးရသည်။

* * *

"နုရေ... ဟေ့ နု" အသံနှင့်အတူ ဖွားခင်နှင့် အေးသက် ဘွားခနဲ တဲဝ၌ ရောက်လာသည်။

"ဟေ့... ဖွားခင်နဲ့ အေးသက်ပါလား၊ လာလာ အထဲကို" နုက ဖိတ်ခေါ်ရင်း နေရာထိုင်ခင်း ပေးလေသည်။

"ညည်းတို့ ဘယ်က လှည့်လာကြသလဲ ဟင်..." နုက တစ်ယောက်စီကြည့်ရင်း မေးသည်။

"ညည်းဆီကို လာတာပဲတော့။ အလုပ်မဆင်းတာကြာလို့ ဘာများဖြစ်နေတုန်းလို့။ လာမယ်လာမယ်နဲ့ မအားတာနဲ့ ခုမှ လာဖြစ်တော့တယ်" အေးသက် ပြောသမျှတွင် 'ဘာများဖြစ်နေတုန်းလို့" ဟူသည့်စကားနောက်ကို နုမကြားလိုက်တော့ပေ။ ဖြစ်ရပ်တွေ စေ့ငုအောင် ပြောရလျှင် သေချင်အောင် အပူပွားရပေမည်။ ဖွားခင်တို့ အေးသက်တို့နှင့် ကွဲကွာရသည့် ရက်ပိုင်းကလေးမှာ သူတို့အဖို့၊ လုပ်မြဲတိုင်းလုပ်၊ သွားမြဲတိုင်းသွား၊ နေမြဲတိုင်းနေ၍ ဘာမှ ထူးခြားပြောင်းလဲခြင်းမရှိခဲ့ပေ။ နုမှာမူကား ကြား၍မှ မယုံနိုင်လောက်အောင် အဖြစ်ဆန်း ကြုံခဲ့သည်။ ဇာတ်လမ်းဆိုးကြီး၌ အလွမ်းမင်းသမီးအဖြစ် ပါဝင်အသုံးတော် ခံခဲ့ရသည်။ နုက သူ့လိပ်ပြာ သူရှက်သည်။ ဖွားခင်တို့ အေးသက်တို့လို ခြောက်ပြစ်စင်တွေနှင့် သူ၏မသန့်ရှင်းမစင်ကြယ်သော အဖြစ်ကို ဖုံးဖိသိုသိပ်ဟန်လုပ်၍ "ခြောက်ပြစ်စင်"လို မပေါင်းသင်း မဆက်ဆံချင်ပါ။ မပေါင်းသင်း မဆက်ဆံချင်သည့် အခြေအနေရောက်အောင် ဖန်တီးပေးသည့် သူ့ဘဝကြမ္မာကို စိတ်အနာကြီးနာသည်။ ထို့ထက် တစ်မူကား ပို၍ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းပါဘိသည်။

"အို... နု ဘာပြုလို့ မျက်ရည်ကျရသလဲဟင်... ကြည့်စမ်းပါဦး နေမကောင်းဘူးထင်တယ်၊ မျက်တွင်းတွေ ကျပြီးတော့ နည်းနည်းလည်း ချုံးသွားတယ်"

နုသည် အိပ်ရာထက်၌ မှေးစက်နေသော မိခင်ဖြစ်သူကို တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီး စိတ်ချသော အမူအရာဖြင့် သူ့ရောင်းရင်းဘက်တွေကို လှည့်ကာ ပြောသည်။

"ဖွားခင်နဲ့ အေးသက် လာ အိမ်နောက်ဘက်သွားရအောင်၊ ညည်းတို့မသိသေးတဲ့ ငါ့အကြောင်းတွေ ပြောပြမယ်" ကြေကွဲသောအသံဖြင့် ခပ်မြန်မြန်ပြောသော ဖိုးဖိုးဇတ်ဇတ်ထသွားသည့် နုကို ဖွားခင်နှင့်အေးသက်ယောင်၍ ငေးကာပင် ကြည့်နေမိသည်။ နောက်မှပင် သတိရကာ ကပျာကယာ ထလိုက်ကြသည်။

"နု... နု... ညည်းဘာဖြစ်သလဲဟင် နု"

နုသည် လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကို အုပ်၍ တရှုံ့ရှုံ့ ငိုကြွေးရာမှ မျက်ရည်လည်ရွဲနှင့် မော်ကြည့်သည်။

"ညည်းတို့... ညည်းတို့ ငါ့ကို အပေါင်းအသင်း မလုပ်ကြနဲ့တော့။ ငါဟာ အရင်တုန်းကလိုကောင်းတဲ့ နု မဟုတ်တော့ဘူး။ အခု ငါဟာ ... ညည်းတို့နဲ့ မတူမတန်ဘူး"

အေးသက်နှင့် ဖွားခင်မှာ နားရှိ၍ပင် ကြားလိုက်ရသော်လည်း လားလားမျှ မနှစ်မြို့၊ မယုံနိုင်။

"နု... ဟေ့ကောင်မ ညည်းရူးနေသလားဟင်။ ဘာတွေ လျှောက်ပြောနေတာတုန်း၊ မပြောကောင်းတာတွေ" ဖွားခင်နှင့် အေးသက်က ကရုဏာဒေါသောဖြင့် နုပခုံးကို ကိုင်လှုပ်ရင်း အငမ်းမရ ပြောလိုက်သည်။ သို့ပေမင့် နုကား ငိုလျက်။

"ငါ မရူးဘူးနော်။ ငါမရူးဘူး။ ရူးလို့ပြောနေတာ မဟုတ်ဘူး။ ငါ့အကြောင်းကို ပြောပြမယ်။ ညည်းတို့ သေသေချာချာ နားထောင်"

အေးသက်နှင့် ဖွားခင်တို့မှာ မျက်ရည်ရစ်ဝဲ သွဲ့သွဲ့တွဲကာ လှိုက်လှဲပူဆွေး ရင်မအေးသည့် အမူအရာ ပြောင်းကြသည်။ လှိုက်လှိုက်လှဲလှဲ ရှိုက်၍ခဲကာ နုခမျာမှာ ဇာတ်ကြောင်းကုန်စင် နတ်သံနှော၍ ပြောရချေတော့သည်။

"အမေကလည်း သိပ်နေဆိုးနေတယ်၊ ပိုက်ဆံကလည်း ဆရာသမားပင့်ပြီး ဆေးဝါးကုသဖို့ ထားလို့ စားဖို့သောက်ဖို့တောင် မရှိဘူး။ ဆေးဝါးမကုသရလို့ ငါ့အမေ

www.burmeseclassic.com

www.burmeseclassic.com



သေမှာစိုးလို့၊ ငါ့မောင်ကလေးငတ်မှာ ပြတ်မှာစိုးလို့ ငါလေ ငါ ရေနံအခိုးလိုက်သွားတယ်။ လကလည်း သာလိုက်တာ ထိန်လို့ပေါ့။ အပြန်မှာ ငါတို့ကို ရေနံမြေပုလိပ်တွေ ဖမ်းမိသွားတယ်။ တခြားလူတွေကိုတော့ ရိုက်နှက်ပြီး ဂျပန်ရုံး ပို့လိုက်တယ်။ ငါ့ကိုတော့၊ ငါ့ကိုတော့လေ ရုံးမပို့ဘူး၊ ပြောမရ တောင်းပန်မရနဲ့ ငါ့ဘဝကို အဆုံးခံလိုက်ရတယ်။ သိပ်ရိုင်းစိုင်းတဲ့ လူတွေ၊ သူတို့ထင်တိုင်း ငါ့ကို တစ်ညလုံး မယားလုပ်ကြတယ်"

ဖွားခင်သည် နုကို ဖက်၍ ချုံးချုံးချ ငိုသည်။

အေးသက်ကား နေရီရီတွင် တိမ်ပလီငွေရည်နှံ့ကို နေခြည်သွဲ့ကာ လဲ့လဲ့ပြာနေသည့် ရှခင်းကို အားနည်းခြင်း မျက်လုံးအစုံဖြင့် ကြည့်နေသည်။ ဒီလိုကြည့်ရာကပင် တသွင်သွင် မျက်ရည်ကျသည်။ ဒီမျက်ရည်ဟာဖြင့် ယူကျုံးမရမျက်ရည်။ ကြိတ်မနိုင်ခဲမရ အသည်းမှ ပူလောင်သည့် မျက်ရည်။ ကံဆိုးမိုးမှောင် ဖြစ်ရလေခြင်းဆိုသည့် မျက်ရည်ပေါ့။ ဖွားခင်တို့ အေးသက်တို့ အမြင်က နုဟာ လုသည်။ ထို့ကြောင့် ချစ်စရာကောင်းသည်။ နုဟာ သဘောကောင်းသည်။ ထို့ကြောင့် မြတ်နိုးစရာကောင်းသည်။ နုဟာ မိဘကျေးဇူးဆပ်နေသည်။ ထို့ကြောင့် ကြည်ညိုလေးစားဖို့ကောင်းသည်။ နုဟာ ဆင်းရဲသည်။ ထို့ကြောင့် အထူးပဲ သနားဖို့ကောင်းသည်။ သူတို့အဖို့ ခြောက်ပြစ်စင် နုကိုမှ ရက်ရက်စက်စက် ပြုရက်ကြပါပေသည်။ 'ရိုင်းရိုင်းပျပျ' စော်ကားရက်ကြပါပေသည်။

"နု ညည်းတကယ်ပြောတာလားဟင်။ တကယ်ပြောတာလား။ ညည်းပြောသလို မဟုတ်ရဘူး၊ မဟုတ်ရဘူး။ ညည်းဒီလိုဖြစ်ခဲ့တယ်ဆိုတာ မဟုတ်ဘူးနော် နု"

နုက သူတို့ကို လီဆယ်၍မပြော။ ဟုတ်သည့်အတိုင်းကိုပင် မလွှဲသာလွန်း၍ ပြောရသည်။ ဘယ့်နှယ်ပြောချင်ပါ့မလဲ။ တကယ်ဆိုတော့ အမှန်ကတော့ နု ဒီအတိုင်းဖြစ်ခဲ့၍ ဒီလိုပဲ ပြောသည်။ နုပြောသည့်အတိုင်းလည်း မှန်ကန်ကြောင်းကို အေးသက်နားလည်သည်။ သို့ပေမဲ့ သူ့စေတနာက သူကြားသလို မဟုတ်စေချင်။ နုကို အလွန်ပဲ သနားသည်။ ဒီအဖြစ်ဆိုးကြီးကို အိပ်မက်လိုပဲ ပျောက်ပျက်သွားစေချင်သည်။

"ဟုတ်တယ်... အေးသက် ဟုတ်တယ် ဘယ်လိုမှ ပျောက်လို့မှမရအောင် ဟုတ်ခဲ့တယ်။ ငါ့ကုသိုလ်ဟာ တော်တော်ဆိုးတယ်။ ငါ့အချစ်ပန်းကို ငါရည်မှန်းတဲ့သူ မနမ်းရခင်၊ မယုယနိုင်ခင်မှာ ငါအလိုမတူ မကြည်ဖြူတဲ့ လူယုတ်မာတွေရဲ့ နမ်းရှုပ်ချေမှုန်း ဝတ်ရည်သုံးတာ ခံခဲ့ရတယ်"

ဟုတ်ပါသည်။ နုအချစ်ပန်းကလေးဟာဖြင့် မပွင့်လန်းသေးခင်မှာပင် ညှိုးနွမ်းကြေမွ မြေသို့ခရပါပြီ။ လရောင်ဝါအပြည့်လျှမ်းသည့် တစ်ညချမ်းအခါတုန်းက ကျော်မောင်နှင့် အချစ်ပင်အတူပျိုးခဲ့ကြသည်။ ထူးထူးကဲကဲ လိုက်လိုက်လှဲလှဲ ကြည်နူးသာယာခဲ့သည်။ လူ့ဘဝခရီးစဉ်တွင် ယှဉ်တွဲရမည့် 'အဖော်' ဆုံတွေ့ရပြီဖြစ်သဖြင့် သာယာချမ်းမြေ့၍ ပြန့်ပြူးသော ချစ်ခရီးကို အတွေးဖြင့် လျှောက်ခဲ့သည်။ တစ်ရံတစ်ဆစ်ကလေးမှ ဒီအဖြစ်မျိုးနှင့် ဖြင့် တွေ့ရလိမ့်မည် မထင်ခဲ့။

"နောက်တစ်ခါ ဒီလိုပဲ အမေကလည်း မသက်သာ၊ ပိုက်ဆံကလည်း မရှိမို့ ကုလီခေါင်းဆီသွားပြီး ငွေချေးရတယ်။ လူတွေဟာ တကယ်ဆိုတော့ စိတ်ကောင်းနှလုံးကောင်းရှိဖို့ ခဲယဉ်းလှပါကလားနော်။ ငါ... ငါ ကုလီခေါင်းဆီ ငွေသွားချေးတော့ ငွေရခဲ့ပေမဲ့ သူကလေ သူက ငါ့ကို ဒုတိယအကြိမ် စော်ကားလိုက်တယ်။ သားကျင့်မယားကျင့် လုပ်လိုက်တယ်။ ခုတော့လေ ငါ့ဘဝဟာဆုံးပြီ။ ဘယ်လိုပြုပြင်လို့မှ မရတော့ဘူး။ ဒါကြောင့် မကောင်းတဲ့ လောကကြီးထဲက မကောင်းတဲ့လူတွေအလယ်မှာ ငါဟာ မကောင်းတာပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ လူကောင်းသူကောင်းတွေမှာ အသက်ထက်အရေးကြီးတဲ့ ကိုယ်ကျင့်တရားတွေ၊ အချစ်စစ်အချစ်မှန်တွေ၊ ဂုဏ်မာနတွေကို ငါ ဂရုမစိုက်တော့ဘူး။ ပျက်စီးချင်တိုင်း ပျက်စီး၊ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်ပစေ၊ ငါအနေချောင်ရင် တော်ပြီ၊ အသက်သာခိုရရင် တော်ပြီဆိုပြီးတော့ ငါလေ ငါ... အခု ကုလီခေါင်းရဲ့ မယားငယ်လုပ်နေလိုက်တယ်"

"အမယ်လေး... နု... နု ညည်းရက်စက်လှချည့်လားဟင်။ သလောက်တောင် ကိုယ့်ကိုယ်ကို ပစ်စလက်ခတ်လုပ်ရက်တယ်ဟင်။ ကြည့်စမ်းပါဦး ကုလီခေါင်းအကြောင်းကို ညည်းလည်းအသိသား ဖြစ်ရလေ နုရယ်ဟင်"

အေးသက်နှင့်ဖွားခင်မှာ မကျေချမ်းနိုင်၊ မကျေချမ်းနိုင်၍လည်း ဘယ်လိုမှ မတတ်နိုင် သူတို့တတ်နိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



ကား သူတို့ရင်တွင်းက မီးတောက်မီးလျှံကြီးကို မျက်ရည်အဖြစ်နှင့် အပြင်သို့ ထုတ်ခြင်းပင် ဖြစ်သည်။

"ငါ့ကိုယ်ငါ ဘယ်လိုရက်စက်ချင်ပါ့မလဲ အေးသက်ရယ်။ ဒါပေမဲ့ သည်လိုမဖြစ်ဖြစ်အောင် ငါ့ဘဝက ဖြစ်လာတော့ ဘယ့်နှယ်တတ်နိုင်ပါ့မလဲ။ ငါနေချင်သလို မဖြစ်တော့ ဖြစ်သလိုပဲ ငါနေရတာပေါ့"

နေသည် မျက်လုံးနီကြီးဖြင့် ရိုးမတောင်ပေါ်က ထိုင်၍ နုတို့ကို ကြည့်နေသည်။

မြေကြီးသည် ညိုမောင်းသော ကမ္ဘလာကို ခြုံလျက် မလှုပ်မယှက် တည်နေသည်။

ရွက်ဝါသည် အချိန်ကုန်လင့် ရော်ရင့်ပြီဖြစ်သဖြင့် ရိုးတံမှ ခုန်ကာပျံကာ မြေကမ္ဘလာသို့ မြန်းနေသည်။

နွေဦး၏လေရူးသည် ခါနွေရက်ကိုဆောက်တည်ရာ မရအောင် ကျီစားနေပါသည်။ ဆော့၍နော့၍ လှောင်နေပါသည်။

နုတို့မှာ ရိုးမတောင်ပေါ်က နေလုံးကြီးလိုပဲ ငိုရလွန်း၍ မျက်လုံးနီနေပါသည်။ မြေကမ္ဘလာကြီး ညိုမောင်းသလို သူတို့စိတ်တွေကလည်း ပျော်ရွှင်ခြင်းကင်းကွာ ညစ်ညှုးညှိုးနွမ်းကာ နွေရွက်ကလေးကဲ့သို့လည်း မျှော်လင့်ချက်ကင်း အောက်သက်ဆင်းရပါပြီ။

(နွေဦး၌ တိုက်ခတ်သော လေရူးသည် ခါနွေရွက်ကို ဆောက်တည်ရာမရဖြစ်စေသလို နုခံစားခဲ့ရသော ဝေဒနာဆိုး လေမုန်တိုင်းကြီးကလည်း နုတို့ကို သွက်သွက်ခါ ချောက်ချားအောင် သရမ်းခဲ့သည် မဟုတ်ပါလော)

"တို့ လူဖြစ်လာရတာဟာ သက်သက်ဝဋ်ခံဖို့ ဖြစ်လာရတာပဲ။ ဒီလိုဒုက္ခတွေနဲ့ တွေ့ရမှာ အတူတူဆိုရင် လူမဖြစ်ဟာကပဲ သက်သာဦးမယ်။ ခုတော့ ငါတို့မှာ အလုပ်လုပ်ရတာလဲ သေလုမြောပါးပဲ။ ဒါပေမဲ့ စားစရာမရှိဘူး၊ ဝတ်စရာမရှိဘူး၊ နေထိုင်မကောင်းဖြစ်လို့မှ ဆေးဝါးမကုနိုင်ဘူး။ နောက်ပြီး လူတကာရဲ့ စော်ကားမော်ကားလုပ်ချင်တိုင်းလုပ်တာကိုလည်း အရုပ်လိုပဲနေရတယ်။ ငါတို့ရဲ့ဘဝဟာ ဘာလို့ ဒီလောက်တောင် အောက်ကျနောက်ကျ ဖြစ်နေရသလဲဟင်၊ ဒါလောက် ဆိုးဝါးတဲ့ ဘဝကရော ဘယ်တော့များမှ လွတ်မြောက်မှာလဲ။ လွတ်ရော လွတ်မြောက်ဦးမှာတဲ့လား"

နု အရူးလို တတွတ်တွတ်ပြောလိုက်သော စကားလုံးတွေမှာ ဖွားခင်နှင့် အေးသက်နားတွင်းသို့ သံရည်ပူတွေလောင်းထည့်သလို ဝင်ရောက်သွားသည်။ အပူဇာတ်ကြီးကို သိုလှောင်ထားခဲ့ရသူ နုမှာ ဖွင့်ထုတ်လိုက်ရသဖြင့် ပေါ့သွားသယောင်ယောင် ဖြစ်သော်လည်း အေးသက်နှင့်ဖွားခင်မှာမူ သည်အပူကြောင့်...

'ဖြေသော်ပြေပဲ ကျမျက်ရည် စိုလို့ရွှဲပေါ့...'

* * *

ကူလီခေါင်းထံ အသုံးတော်ခံရန် နုလာခဲ့သည်။ ဤသို့လာခဲ့ရသည်မှာ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်၊ သုံးခါလေးခါလည်းမက နုအဖို့ ရိုးပြီ၊ အဆန်းမဟုတ်တော့။

နုက ကျော်မောင့်ကို သတိရသည်။ ယောကျ်ားပီပီ တည်ကြည်ရင့်ကျက်သော ကျော်မောင့်မျက်နှာကို မြင်ယောင်သေးသည်။ ယခု သူသွားနေသည်မှာ ကူလီခေါင်းဆီသို့ မဟုတ်မူဘဲ ကျော်မောင်ဆီသို့သာဆိုလျှင် ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ။ ကြည်နူးချမ်းမြေ့စရာကောင်းလိုက်မလဲပဲ။ မမေ့နိုင်... ချစ်ပါသေးသည်။ ကျော်မောင့်ကိုဖြင့် ကမ္ဘာမြေပေါ်မှာ အသက်နဲ့ကိုယ် ဒွန်တွဲနေသမျှ ချစ်မှာပါပဲ။ သို့ပေမဲ့ ဒီတစ်သက်မှာဖြင့် မျှော်လင့်ချက်ကတော့ ဝေးပြီ။

အပြင်ခန်း၌ ကူလီခေါင်းနှင့် သူ့မာစတာ ရှိမုရဆန်း ပုလင်းထောင်နေသည် (ဝါ) ဆာကေးမြည်းနေသည်ကို နုမြင်ရသည်။ နု၏ခြေလှမ်းသည် တံခါးဝမှာပင် ရပ်တန့်သွားသည်။

"ဟဲ... ဟဲ... နု အခန်းထဲသွားနေ၊ အခန်းထဲသွားနေ အစ်ကိုကြီးလာခဲ့မယ်"

ကူလီခေါင်းက နာပျော်ဖွယ်အတိပြီးသော အရက်သံကြီးဖြင့် ပြောသည်။

နုသည် အခန်းတွင်း ခုတင်ပေါ်၌ တင်ပုလ္လင်ထိုင်ရင်း သူ့ဘဝကို သုံးသပ်နေသည်။

နုတစ်သက်လျာမှာဖြင့် လူမှန်းသူမှန်း သိတတ်သော အရွယ်ကစ၍ တစ်ခါမှ ရွှင်လန်းအေးချမ်းမှု မရှိခဲ့သေးပါ။ ဒုက္ခတွေသာ ပတ်လည်ဝိုင်းနေခဲ့သည်။ မိုးကြိုးပစ်လွတ်ရုံ တစ်ခုတော့ ရှိပါရဲ့။ သည်တစ်ခုတည်းသော ရွှင်လန်းမှုဟာဖြင့် ကျော်မောင်နှင့် အချစ်ပင်ပျိုး၍ ချစ်ပန်းနှစ်ခိုင် ကြိုင်

www.burmeseclassic.com



ကြိုင်လှိုင်မွှမ်းခဲ့သည့်ညပါပဲ။ ခုဆိုရင်တော့ ချစ်မြတ်နိုးသူနှင့် ကွေကွင်းရသော ဒုက္ခတွေ၊ မစုံမက် မနှစ်သက်သူနှင့် ပေါင်းသင်းရသည့် ဒုက္ခတွေ အမျိုးမျိုး အဖုံဖုံ စုံနေပါတော့သည်။

သည်တစ်သက်လျာအဖို့ နုမှာ ဘာမျှ မျှော်လင့်ချက်မရှိ။ အနှစ်သာရ ပြည့်ဝသည့် အချစ်စစ်အချစ်မှန်မရှိ။ သည်လိုဆိုရင် လူသေနှင့် ဘာခြားနားတော့မလဲ ဟုတ်ပါသည်။ နုကလည်း သူ့ကိုယ်သူ သေပြီးလို့ပဲ ထင်ပါသည်။

အခန်းတွင်းသို့ ဝင်လာသော ခြေသံကြောင့် နုလှည့်ကြည့်သောအခါ သူထင်သော ကုလီခေါင်းမဟုတ်။ မာစတာဖြစ်နေသည်။ နု ခုတင်စွန်းက ဖျတ်ခနဲ ထလိုက်သည်ကို မာစတာက သဘောကျစွာ ရယ်သည်။

"ဟဲ ဟဲ မာစတာ တစ်ခုဆန်းချင်တယ်...က... မနုကောင်းတယ်"

မာစတာပါးစပ်က မကောင်းသော စကားလုံးတွေနှင့်အတူ အရက်နံ့တထောင်းထောင်းပါ ပါလာသည်။

ကုလီခေါင်းကား "ဘုရားဖြစ်မည့် အုတ်နီခဲ"နှင့် တူသည်။ စေတနာအနန္တနှင့် အစွန့်ကြီး စွန့်ရက်သည်။ အမှန်ကတော့ သည်လိုလူမျိုးမှာ (အချစ်)မရှိ။ (ရာဂစိတ်ပြေငြိမ်းမှုအာရုံ)သာရှိသည်။ နုကို ရအောင် သူကြိုးစားခဲ့ပေမဲ့ အခုအထိ သူဖြင့် နုကို မချစ်၊ ရာဂအဟုန်နှင့် ကာမဘုံသာ ကစ်ခဲ့သည်။ ခုတော့ သူ့အလိုပြည့်ဝပြီးပြီ။ ပျားပိတုန်းလို သူ့အားရအောင် ထင်တိုင်းကျင့်ပြီးပြီ။ ဝတ်ရည်စုပ်သုံးပြီးပြီ။ ထို့ကြောင့် သူ့မာစတာအား မျက်နှာလိုမျက်နှာရ ခြေတော်တင်ရန် ဆက်သလိုက်သည်။

မာစတာပြုသမျှ နုက နု၍နေသည်။ ပြင်းပြင်းထန်ထန် မငြင်းဆန်၊ အရင်တုန်းကလိုလည်း မငို။ သည်အဖြစ်မျိုးတွေဟာဖြင့် နုအဖို့ ရိုးလောက်ပါပြီ။ သည်လို အကြောင်းတွေကြောင့် ငိုခဲ့ရသည့် အကြိမ်ပေါင်း များလှပါပြီ။ ခုဖြင့် ငိုဖို့တောင် မျက်ရည်တွေ ခန်းခြောက်ကုန်ပြီ ထင်ပါရဲ့။

'အမလေး... မဝတ်ရချင် မလှချင်နေပါစေတော် ဂျပန်ဖြင့် မယူပါရစေနဲ့" တစ်ခါတုန်းက သာယာသော ညနေခင်း အလုပ်ပြန်ချိန်မှာ အေးသက်နှင့်ဖွားခင်ကို နုက သည်လိုပဲ ပြောခဲ့ဖူးသည်။ ဟုတ်ပါသည်။ နုစိတ်ကတော့ သည်လိုပါပဲ။ ဂျပန်ကိုဖြင့် တကယ်မယူချင်ပါဘူး။ သို့ပေမဲ့ ပတ်ဝန်းကျင်အခြေအနေ ဖန်တီးမှုက နုကို အမှောင်ထုအတွင်း တွန်းချခြင်းဖြစ်ပါသည်။

ခြောက်ပြစ်စင် လှခဲ့သူ နု၊ ကိုယ်ကျင့်တရားကောင်းခဲ့သူ နု၊ အမျိုးဂုဏ် စောင့်သိခဲ့သူ နု၊ ကျော်မောင်ကို အသည်းစွဲချစ်ခဲ့သည့် နု၊ အရင်ကတော့ နုဟာ သည်လိုပါပဲ သို့ပေမဲ့ အခုတော့ဖြင့် မသန့်ရှင်းမစင်ကြယ်သည့် နု၊ ကိုယ်ကျင့်တရား ပျက်စီးဖောက်ပြန်နေသည့် နု၊ အမျိုးဂုဏ်ဖျက်သည့် နု၊ ကျော်မောင်ကို စိမ်းကားသည့် နု၊ ရှိမှုရဆန်းမယား၊ သို့မဟုတ် ဂျပန်ကတော် နု။

"နုကား အမှောင်ထုအတွင်း၌ သေလေပြီ"

❖

အတွဲ–၁၊ အမှတ်–၁၂၊ ၁၉၄၈၊ မေ၊
ရှုမဝ မဂ္ဂဇင်း